# မြဝတီ နေ့စဉ်

**အချိန်မီမြန်ဆန်၍ သတင်းစုံသည် မြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၈၉)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ အင်္ဂါနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမှုများကိုလိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံက တောင်းဆို

ဂျီနီဗာမြို့တွင် ၁၈-၆-၂၀၂၄ ရက်မှ ၁၂-၇-၂၀၂၄ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးပွဲများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲကျင်းပခဲ့ပြီး ယင်းသည် ကောင်စီ၏အခြေခံမှုများဖြစ်သည့် အပြုသဘောဆောင်သည့်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့် သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုကိုလည်း အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့်အချက်အလက်များအား ထောက်ပံ့ပေးခဲ့သော်လည်း မဟာမင်းကြီး၏အစီရင်ခံစာနှင့် တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ၏ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့သည်။ ယင်းသည် လိုရာဆွဲဖော်ပြခြင်းဖြစ်ပြီး မဟာမင်းကြီး၏အစီရင်ခံစာအပေါ် ယုံကြည်မှုလျော့နည်းစေသည်။ တိုင်းရင်းသားအရေးနှင့် ဘာသာရေးဆိုင်ရာ တင်းမာမှုများဖြစ်စေသော အေအေ အကြမ်းဖက်အဖွဲ့၏ ဒေသခံလူထုအပေါ် ကြီးလေးသော ကျူးလွန်မှုများအား အစီရင်ခံစာတွင်လျှော့ပေါ့ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ အစီရင်ခံစာသည် အစိုးရကိုဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း လျှော့ပေါ့ဖော်ပြထားသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းက ဖယ်ကြဉ်ရန် သိသာစွာဦးတည်ထားသည်။ အပြန်အလှန်ဆွေးနွေးပွဲတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့် သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် NUG နှင့်ဆက်နွယ်သော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆိုဝါဒဖြန့်မှုများကိုသာ သံယောင်လိုက်ပြောဆိုထားသည်။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ **စာမျက်နှာ ၇ ကော်လံ ၁** □

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်သွယ်မှု စတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းအသစ်တစ်ခုအဖြစ် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး (ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့်ကုန်သွယ်မှုဆောင်ရွက်ခွင့်ကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

အဆိုပါကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့တင်သွင်းမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၈ ရက်အထိ ပို့ကုန်လိုင်စင် ၁၅ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ဖိုးနှင့်သွင်းကုန်လိုင်စင် ၅၉၈ စောင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုးကို ခွင့်ပြုထားပြီးဖြစ်သည်။

လုပ်ငန်းစတင်ဆောင်ရွက်မှုအနေဖြင့် Gold Shipping Agency Services Limited ၏ ပထမသင်္ဘောဖြစ်သော MV. BEYPORE SULTAN (VOY-24001) သည် **စာမျက်နှာ ၇ ကော်လံ ၁** ●

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက်တပ်ဆင်ထားသောကားများဖြင့် သောက်ရေသန့်ပေးဝေ

စာ - ၁၄ သို့



**ဆောင်းပါး**

## ရေနံနှင့် သဘာဝဓာတ်ငွေ့ အကျိုးစွမ်းအား

စာ - ၁၃ သို့



## ၁၃၈၆ (၂၀၂၄)ခုနှစ်၊ (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့် နေ့ရက် ကြေညာ

စာ - ၁၀ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်)

# မျိုးဆက်သစ်တို့ ထမ်းဆောင်ရမည့်တာဝန်

အာဇာနည်နေ့နီးလာသည်နှင့်အမျှ နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များကို ထင်ထင်ရှားရှားဖော်ပြလျက်ရှိသည်။ မိန့်ခွန်းတိုင်းမှာ ယနေ့လူငယ်များအတွက် လမ်းမှန်ကိုညွှန်ပြနေခြင်းဖြစ်သည်။ နိုင်ငံတိုးတက်ကြီးပွားရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက **"တစ်တိုင်းပြည်လုံးကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြားအကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မည်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်"** ဟူ၍ပြောကြားခဲ့သည်။ ထို့ပြင် **"တိုင်းသူပြည်သားလူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှိုရှို၊ စစ မိမိတို့အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင်ကြိုးစားဖို့လိုတယ်"** ဟူ၍လည်း ပြောကြားခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ မျိုးဆက်သစ်လူငယ်တိုင်း လက်ဆင့်ကမ်းထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ လူငယ်တိုင်းကမိမိနိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ်ဓာတ်ရှိနေပြီး ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နေသမျှ ဤနိုင်ငံသည် သူ့ကျွန်အဖြစ်သို့မည်သည့်နည်းနှင့်မျှ ပြန်လည်ရောက်ရှိသွားမည်မဟုတ်ပေ။ ကာကွယ်ရေးအင်အားမတောင့်တင်းခဲ့သော် အတိတ်ကာလကဲ့သို့ဖြစ်ရပ်ဆိုးမျိုးကြုံတွေ့နိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေးဆိုသည်မှာ အမှုမဲ့အမှတ်မဲ့နေလိုက်လျှင် တစ်ခဏအတွင်းဆုံးရှုံးသွားနိုင်သည်။ ဆုံးရှုံးသွားသောလွတ်လပ်ရေးပြန်လည်ရရှိရန်မှာမူ အသက်သွေးချွေးမြောက်မြားစွာစတေးပြီး ပျက်စီးဆုံးရှုံးမှုများစွာ တွေ့ကြုံပြီးမှသာပြန်ရနိုင်သည်။ အချိန်ကာလအားဖြင့်လည်း များစွာကြာမြင့်နိုင်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်တစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးကိုကြိုးပမ်းခဲ့ရခြင်းဖြစ်သည်။ တပ်မတော်တစ်ရပ်မရှိခဲ့သော်၊ တစ်နည်းအားဖြင့် ကာကွယ်ရေးအင်အားမရှိခဲ့သော် လွတ်လပ်ရေးခရီးလမ်းသည်ကား ကြာမြင့်နေဦးမည်သာဖြစ်သည်။ ကိုယ်တိုင်အပင်ပန်းအဆင်းရဲခံကာ ကာကွယ်ရေးအင်အားကိုတည်ထောင်ခဲ့သူဖြစ်၍ ကာကွယ်ရေးအင်အား ခိုင်ခိုင်မာမာဖြစ်ရန်မှာကြားခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ အမျိုးဘာသာသာသနာအတွက်ဆောင်ရွက်လိုသည့်စိတ်ဓာတ်မျိုး လူငယ်တိုင်းတွင်ရှိနေမှသာ မြန်မာနိုင်ငံသည်ကမ္ဘာတည်သရွေ့တည်တံ့နေပေလိမ့်မည်။

ယနေ့ကာလမြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့်တိုင်းပြည်ကို ကာကွယ်နေသူများရှိနေကြသလို အနာဂတ်ကာလတွင်လည်းရှိနေကြရမည်ဖြစ်သည်။ တပ်မတော်ဆိုသည်မှာ နိုင်ငံအတွက်မရှိမဖြစ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ထိုအဖွဲ့အစည်းတစ်ရပ် ကျစ်လျစ်ခိုင်မာပြီး သွေးစည်းညီညွတ်လျက်ရှိနေသမျှကာလပတ်လုံး မြန်မာတို့၏အနာဂတ်တွင် သူ့ကျွန်ဆိုသောစကားရပ်လုံးဝရှိတော့မည်မဟုတ်ပေ။ တပ်မတော်ဆိုသည်မှာ စဉ်ဆက်မပြတ်တည်ရှိနေမည့်အရာဖြစ်ပြီး တပ်မတော်သားတို့ဆိုသည်မှာ အသက်အရွယ်အပိုင်းအခြားအလိုက် တွေ့ဆုံ၊ ခွဲခွာကြရမည်သာဖြစ်သည်။

ထို့ကြောင့်လူငယ်တိုင်း၏စိတ်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုအတုယူလေးစားလျှင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပညာတတ်အောင်ကြိုးစားကြရမည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံချစ်စိတ်မွေးမြူရမည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းပြည်ကာကွယ်လိုစိတ်ရှိကြရမည်။ လူငယ်တိုင်းကနိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာငါတို့လူငယ်တွေရဲ့ တာဝန်ပါလားဟူသောအသိစိတ်ရှိရမည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အသံလွှင့်ပြောကြားခဲ့သော ကာကွယ်ရေးဆိုင်ရာမိန့်ခွန်းသည် ယနေ့တိုင်မှန်ကန်နေဆဲဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းပြောလျှင် ပြော၍ကုန်နိုင်မည်မဟုတ်။ ဆရာဇော်ဂျီကဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ "သူ့အစွမ်းကား၊ အခြားမဟုတ်၊ အအုပ်ချုပ်ခံ၊ မျိုးခြားဒဏ်မှ၊ မြန်မာလွတ်လမ်း၊ ခရီးကြမ်းဝယ်၊ ဗန်းပြအလှ၊ ပကာသနကို၊ ပြာချလောင်မြိုက်၊ သူမီးတိုက်၏၊ ခေတ်လိုက်ခါမီ၊ ခေတ်မီပညာ၊ ကြံ့ရာဘဝ၊ မုတလုံလောက်၊ ခံမြို့ဆောက်၏၊ ထို့နောက်တစ်ဆင့်၊ မိုးထိလွင့်အောင်၊ ရိုးကျင့်မြင့်ကြံ သူ့အလံတည့်၊ ပျံတလူလူ၊ သူထူခဲ့ကြောင်း. . ."ဟူ၍ရှင်းလင်းစွာဖွဲ့ဆိုထားသည်။ လူငယ်တို့အတုယူနိုင်အောင်အဓိကရည်ရွယ်ဖွဲ့ဆိုခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းမှာ ရိုးသားစွာကျင့်ကြံနေထိုင်သည်။ အမြင့်မားဆုံးရည်မှန်းချက်ကိုထားရှိသည်။ ဖြစ်ချင်သည်ကိုဖြစ်အောင်လုပ်ခဲ့သည်။ လုပ်ပြနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုလူအများက လေးစားသည်။ တန်ဖိုးထားသည်။ အားကျသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များသည် နယ်ချဲ့လက်ပါးစေတို့၏လက်ချက်ဖြင့် ကျဆုံးသွားခဲ့သော်လည်း ပြည်သူတို့၏ရင်ထဲတွင် ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုချစ်ကြသည်ဆိုလျှင် ပါးစပ်ကသာတိုင်းပြည်ကိုမချစ်ဘဲ အလုပ်ဖြင့်တိုင်းပြည်ကိုချစ်ကြရန်ဖြစ်သည်။အနှစ်ချုပ်ဆိုရသော် လူငယ်မောင်မယ်တိုင်းက ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်မြတ်နိုးကြပါလျှင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းပြည်ကာကွယ်ရေးစိတ်ဓာတ် မွေးမြူကြရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

နေပြည်တော် ဇူလိုင် ၁၅

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင်ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာအခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့်စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ်လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှမောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့.**

## Myawady Digital Set Top Box **ထုတ်နတ်ရှုမြင်အစီအစဉ်**

၁၆-၇-၂၀၂၄(အင်္ဂါနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၄၅ မျိုးချစ်တပ်မတော်
၅။ ၈း၂၅ ဆောင်းပါးပေါ်ကဇာတ်စုများ
၆။ ၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၁း၁၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၂း၂၅ ကျန်းမာသုတ
၉။ ၁၆း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၀။ ၁၇း၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -မရှိမအလင်း အပိုင်း(၂)**

**MWD Variety Channel**

၁။ ၁၀း၁၄ မှတ်တမ်းအစီအစဉ်
၂။ ၁၁း၄၃ ဥပဒေမှတ်စု
၃။ ၁၂း၃၁ စကားလက်ဆုံ
၄။ ၁၄း၄၀ ဖတ်ပါ မှတ်ပါ လေ့လာပါ
၅။ ၁၅း၂၆ ကြည်နူးဖူးမြော်ဘုရားပုထိုးစေတီတော်
၆။ ၁၇း၄၆ Sport Icon

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဇူလိုင် ၁၅

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ အကြားလက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ UNFPA မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၅

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် အိန္ဒိယ ရူပီး/ မြန်မာကျပ် တိုက်ရိုက်ငွေပေးချေမှု နည်းလမ်းဖြင့် လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှုတွင် ပိုမိုအကျိုးရှိစေနိုင်သော ကိစ္စရပ်များနှင့် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ကတ်စနစ်/ မိုဘိုင်းပေးချေမှုဖြင့် ငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၅

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၇-၇-၂၀၂၄ ရက် ည ၈ နာရီမှ ၁၄-၇-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၄၈၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၁ ဦးတွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၉ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန် ဇူလိုင် ၁၅

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၀)နှင့် အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၂၄) သင်တန်းဖွင့်ပွဲကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၀)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၄)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းစည်းကမ်းများကို အပြုသဘောအနေဖြင့် လက်ခံလိုက်နာပြီး မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းများ အောင်မြင်တိုးတက်စေရေးကို အစွမ်းကုန်ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၀) သို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ၄ ဦး စုစုပေါင်း ၂၁ ဦး နှင့်အဆင့်မြင့်အရာထမ်းသင်တန်း၊ အမှတ်စဉ် (၂၄) သို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၄၂ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၅ ရက်မှ စက်တင်ဘာလ ၁၁ ရက်နေ့ထိဖြစ်ကြောင်းသိရသည်။

(၅၀၀)





## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၃၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

ဤကာလအတွင်း ကမ္ဘာကြီးပူနွေးမှုသက်သာစေရေးအတွက် တွင်းထွက်လောင်စာသုံးစွဲမှုလျှော့ချရေး၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် ကမ္ဘာ့အဆင့် နံပါတ် ၁၄ ကြွယ်ဝသည့် ပြန်လည်ပြည့်ဖြိုးမြဲရေအရင်းအမြစ်ကို မည်မျှထိရောက်အောင် သုံးစွဲနိုင်ခဲ့ကြပါသနည်းဆိုသည့် အချက်ကိုလည်း သုံးသပ်ရန်လိုသည်။ နိုင်ငံတချို့နှင့် နှိုင်းယှဉ်သုံးသပ်ပြလိုသည်။

၁၉၇၆ ခုနှစ် လိုက်(ဖ်)မဂ္ဂဇင်း၏ဖော်ပြချက်အရ ၁၉၆၅ မှ ၁၉၇၅ ခုနှစ်အတွင်းဖြစ်ပွားသော ဗီယက်နမ်စစ်ပွဲတွင် ဗီယက်နမ်တစ်ယောက်သေဆုံးစေရန် အမေရိကန်တို့သည် ဗုံး ၇၅ လုံး၊ အမြောက်ကျည်ဆန် ၄၀၀ ထိအသုံးပြုခဲ့သည်။ ၁၉၆၅ ခုနှစ် တစ်နှစ်တည်းတွင်ပင် တောင်ဗီယက်နမ်ပြည်သူတစ်သိန်းခန့်သေဆုံးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သုံးသိန်းခန့်သေဆုံးခဲ့သည်။ အမေရိကန်၏ ဗီယက်နမ်အပေါ် ကြဲချခဲ့သည့်ဗုံးတန်ချိန်သည် ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတိုက်တစ်တိုက်လုံးပေါ်သို့ ကြဲချခဲ့သည့်ဗုံးတန်ချိန်ထက်များသည်ဟု သမိုင်းဆရာများက ဖော်ပြကြသည်။

သို့သော် ၁၉၇၅ ခုနှစ်အခြေအနေမှသည် ၂၀၂၁ ခုနှစ်ဆီသို့ လျှောက်လှမ်းခဲ့ရာ ဗီယက်နမ်သည် အရှေ့တောင်အာရှတွင်ပင် အလယ်အလတ်အဆင့်ကို ရောက်ရှိလာနေပြီဟု သုံးသပ်ကြသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုဖြစ်သောရေကို အသုံးချနိုင်မှုတွင်လည်း အံ့မခန်းပင်။ လယ်ယာစိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သော စပါးကို နမူနာကြည့်ပါမည်။

ယနေ့ ဗီယက်နမ်သည် ကမ္ဘာ့ဆန်တင်ပို့မှုတွင်ပင် နံပါတ်(၂) အဆင့်ရောက်နေပါပြီ။ အရှေ့တောင်အာရှတွင် နံပါတ်(၁) အဆင့်အဖြစ် ထိပ်ဆုံးမှ ရပ်တည်နေပါပြီ။ ဇယားတွင်ကြည့်ပါ။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး ၁၀ နိုင်ငံ(၂၀၂၀-၂၀၂၁ ခုနှစ်)

| စဉ် | နိုင်ငံ | ဆန်တင်ပို့မှု(မက်ထရစ်တန်ချိန်သန်း) |
|---|---|---|
| ၁။ | အိန္ဒိယ | ၁၅. ၅ |
| ၂။ | ဗီယက်နမ် | ၆. ၄ |
| ၃။ | ထိုင်း | ၆. ၂ |
| ၄။ | ပါကစ္စတန် | ၄. ၀ |
| ၅။ | အမေရိကန် | ၃. ၀ |
| ၆။ | တရုတ် | ၂. ၃ |
| ၇။ | မြန်မာ | ၂. ၁ |
| ၈။ | ကမ္ဘောဒီးယား | ၁. ၄၅ |
| ၉။ | ဘရာဇီး | ၀. ၉၀ |
| ၁၀။ | ဥရုဂွေး | ၀. ၇၈ |

Source: Statistic data in 2020-2021 published by M.shabandeh, April,22,2021

ဤစာရင်းအရ အိမ်နီးချင်း အိန္ဒိယ၊ တရုတ်၊ ထိုင်း သုံးနိုင်ငံစလုံးသည် မြန်မာထက် ဆန်ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရသည်။ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ဗီယက်နမ်နှင့် ထိုင်းတို့သည် မြန်မာထက် ဆန်တင်ပို့မှု သုံးဆခန့်များနေသည်။ ကမ္ဘာ့နံပါတ်(၆) ဆန်တင်ပို့နေသော တရုတ်သည် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် မြန်မာ့ဆန်ကို အထိုက်အလျောက်ဝယ်ယူတင်သွင်းသုံးစွဲနေသည်။

> “မြန်မာနိုင်ငံသည် အာရှတိုက်တစ်တိုက်လုံး ရေချိုပိုင်ဆိုင်မှု၏ ၁၂ ရာခိုင်နှုန်းနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ၁၆ ရာခိုင်နှုန်းအသီးသီးကို ပိုင်ဆိုင်ထားသည်။ မိမိတို့နိုင်ငံသည် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထက်ပို၍တန်ဖိုးရှိသော နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသောအဖိုးတန်ရေကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ဆည်တာတမံများမှရေသာမက စိမ့်ရေ၊ စမ်းရေ၊ မိုးရေ၊ မြေအောက်ရေပါမကျန် ထိရောက်စွာအသုံးပြုကြရန်သာလိုသည်…”

ဤနိုင်ငံများထဲတွင် ဗီယက်နမ်နိုင်ငံအကျယ်အဝန်းသည် ၃၃၁၆၉၉ စတုရန်းကီလိုမီတာရှိပြီး မြန်မာနိုင်ငံ၏အကျယ်အဝန်းသည် ၆၇၆၅၇၈ စတုရန်းကီလိုမီတာရှိသည်။ မိမိတို့ထက် ထက်ဝက်ခန့် ဧရိယာသာရှိသည်။ ရာသီဥတုမှာ မကွာပါ။ သို့သော် ဆန်တင်ပို့မှုတွင် မိမိတို့ထက် သုံးဆခန့်များနေသည်။ ဤသည်မှာ အကြောင်းသုံးချက်ကြောင့် ဖြစ်နိုင်သည်။ စိုက်ပျိုးမြေအားလုံးကို အကျိုးရှိအောင် သုံးစွဲခြင်း၊ ရေလုံလောက်စွာ ပေးဝေနိုင်ခြင်း၊ နည်းပညာကောင်းခြင်းတို့ဖြစ်နိုင်သည်။

ဤသုံးမျိုးတွင် နည်းပညာကိစ္စအတွက် မိမိတို့နိုင်ငံတွင်လည်း ဝန်ကြီးဌာနတစ်ခုအဆင့်ပင် ဖွဲ့စည်း၍ လက်အောက်ဌာနပေါင်းများစွာမှ ဆောင်ရွက်နေကြသည်။

ရေကိစ္စတွင် စပါးသည် ရာသီဥတုအလိုက် တစ်သီးလျှင် ရေ ၄ ပေမှ ၅ ပေထုခန့်ထိ လိုအပ်သည်။ ဤရေကိုမရနိုင်လျှင်၊ မပံ့ပိုးနိုင်လျှင် သီးနှံပုံစံ (Crop Pattern) ပြောင်း၍ စိုက်ပျိုးရန်စဉ်းစားသင့်သည်။ သို့မဟုတ်ပါက ရေချိုလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန်သာဖြစ်သည်။

ဗီယက်နမ်၏ခြေလှမ်းသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံသို့ တက်လှမ်းနေသည်။ လယ်ယာအတွက်လိုအပ်သော ရေနှင့် စက်မှုဖွံ့ဖြိုးမှုအတွက် လိုအပ်သောလျှပ်စစ်ရရှိရေးတို့အတွက် မိမိလက်ဝယ်တွင် ပိုင်ဆိုင်ထားသည့် ရေအရင်းအမြစ်များကို တစ်ပြိုင်နက်အသုံးချနေသည်။

ဗီယက်နမ်နှင့် မိမိတို့နိုင်ငံ၏ နှစ်စဉ် လူတစ်ဦးချင်းစီရရှိနေသော ပြန်လည်ပြည့်ဖြိုးမြဲမြေပေါ်စီးဆင်းရေမှာ များစွာကွာခြားသည်။

မြန်မာတစ်ဦးတစ်နှစ်ရရှိမှုမှာ ၂၀၆၉၄ ကုဗမီတာ
ဗီယက်နမ်တစ်ဦးတစ်နှစ်ရရှိမှုမှာ ၉၈၅၆ ကုဗမီတာ

အသီးသီးရှိနေကြရာ မြန်မာ့ရေအရင်းအမြစ်အခွင့်အရေးသည် လူတစ်ဦးချင်းအပေါ်တွင် နှစ်ဆခန့်ပိုမိုရရှိနေကြောင်း ပေါ်လွင်နေသည်။ အမေရိကန်တစ်ဦးချင်းစီသည် နှစ်စဉ် ၅၀၀၀ ကုဗမီတာနှင့် တရုတ်တစ်ဦးချင်းစီသည် နှစ်စဉ် ၂၂၀၀ ကုဗမီတာအသီးသီးရရှိနေကြသည်။ ကမ္ဘာ့လိုအပ်ချက်စံမှာ လူတစ်ဦး တစ်နှစ်အတွက် ၁၇၀၀ ကုဗမီတာသာဖြစ်သည်။

ရေအသုံးချမှုထဲတွင် လျှပ်စစ်ထုတ်လုပ်မှုသည်လည်း အဓိကအခန်းမှ ပါဝင်နေ၍ လေ့လာကြည့်ရာ မိမိတို့ပိုင် ရေအရင်းအမြစ်ကိုသုံးစွဲ၍ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲရာတွင် ကမ္ဘာ့ထိပ်သီးနိုင်ငံများက ထိပ်ဆုံးမှ နေရာယူထားကြသည်။ နိုင်ငံအလိုက် လူတစ်ဦးချင်းစီအတွက် ရေအားလျှပ်စစ်မှရရှိသော ဓာတ်အားအသုံးကို အောက်ပါအတိုင်း တွေ့ရသည်။

နိုင်ငံအလိုက် လူတစ်ဦးချင်းစီအတွက် ရေအားဖြင့် လျှပ်စစ်ရယူသုံးစွဲမှု

| စဉ် | နိုင်ငံ | လူတစ်ဦးစီနှစ်စဉ်သုံးစွဲမှု(ကီလိုဝပ်နာရီ) |
|---|---|---|
| ၁။ | အမေရိကန် | ၁၀၉၇ (၂၀၁၆ ခုနှစ်) |
| ၂။ | တရုတ် | ၁၁၆၄ (၂၀၁၆ ခုနှစ်) |
| ၃။ | အိန္ဒိယ | ၃၃၆ (၂၀၁၆ ခုနှစ်) |
| ၄။ | မြန်မာ | ၁၇၀ (၂၀၁၈ ခုနှစ်) |

အလားတူပင် ၂၀၁၆ ခုနှစ် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ရေအားလျှပ်စစ်တပ်ဆင်အင်အား နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ကွာခြားကြောင်း တွေ့ရမည်။

- မြန်မာ ၃၂၂၁ မဂ္ဂါဝပ်
- ဗီယက်နမ် ၁၅၈၅၇ မဂ္ဂါဝပ်

ဤပမာဏများကိုလေ့လာခြင်းဖြင့် ဗီယက်နမ်သည် ရေအရင်းအမြစ်ကို ဦးစားပေးသုံးပြီး ဓာတ်အားထုတ်လုပ်နေပြီဆိုသောအချက်ကို တွေ့ရမည်။ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းအရင်းအမြစ်ပေါင်းစုံ တပ်ဆင်အင်အားသည် ၂၀၁၅ ခုနှစ်တွင်ပင် ၃၈၅၅၃ မဂ္ဂါဝပ် ရှိနေခဲ့ပြီးဖြစ်သည်။

ဗီယက်နမ်ရေအားအရင်းအမြစ်သည် အကန့်အသတ်ရှိနေသည့်အတွက် ရေကိုလည်း သုံးသည်၊ တခြားအရင်းအမြစ်များကိုလည်း သုံးသည်ဆိုသော ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နေသည်။

မိမိတင်ပြခဲ့မှုများကို နိဂုံးချုပ်ရပါလျှင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေချိုပြဿနာရှိနေကြချိန် မြန်မာနိုင်ငံသည် ရေချိုပေါကြွယ်ဝနေသောနိုင်ငံဖြစ်သည်။ နိုင်ငံကြီးတချို့တွင် နည်းမျိုးစုံအသုံးပြု၍ ၎င်းတို့၏ နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသောရေကို ထိရောက်စွာ အသုံးပြုနေကြသည်။

တချို့နိုင်ငံများတွင် မြို့ကြီးများသောက်သုံးရေရရှိရေးအတွက် မိုင်ပေါင်းရာချီ၊ ထောင်ချီရှည်လျားသော ရေသွယ်စနစ်များပင် အသုံးပြု၍ တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းသွယ်ယူအသုံးပြုနေကြသည်။

တချို့သောနိုင်ငံများတွင် ကိုယ်ပိုင်ရေချိုအလုံအလောက်မရှိ၍ တခြားနိုင်ငံမှ ရေချိုတချို့ကို ဝယ်ယူသုံးစွဲနေကြခြင်း၊ ပင်လယ်ရေကိုပြုပြင်၍ ရေချိုဖြစ်စေရန် ပြုလုပ်ရခြင်း၊ စွန့်ပစ်ရေကို ပြန်လည်ပြုပြင်၍ ရေချိုအဖြစ်သုံးစွဲနေရခြင်း စသည့်ဒုက္ခမျိုးစုံကြားမှ ဖွံ့ဖြိုးမှုအရှိန်မြင့်မားနေကြသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တစ်တိုက်လုံး ရေချိုပိုင်ဆိုင်မှု၏ ၁၂ ရာခိုင်နှုန်းနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ၁၆ ရာခိုင်နှုန်းအသီးသီးကို ပိုင်ဆိုင်ထားသည်။ မိမိတို့နိုင်ငံသည် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထက်ပို၍ တန်ဖိုးရှိသော နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသော အဖိုးတန်ရေကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ဆည်တာတမံများမှရေသာမက စိမ့်ရေ၊ စမ်းရေ၊ မိုးရေ၊ မြေအောက်ရေပါမကျန် ထိရောက်စွာအသုံးပြုကြရန်သာလိုသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

**ပင်းတယ၊ စိုက်ပျိုးစီးပွား**

## ပင်းတယမြို့နယ်အတွင်းစိုက်ပျိုးထားသည့် ပန်းထိမ်ငိုပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရပ်ကွက်/ကျေးရွာများ၌ စိုက်ပျိုးထားသည့် ပန်းထိမ်ငိုပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ်၌ စိုက်ပျိုးထွက်ရှိသော ပန်းထိမ်ငို (အဖြူရောင်)ပန်းများကို အပွင့်အရေအတွက်၊ အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချပေးလျက်ရှိရာ အရောင်းအဝယ်ကောင်းမွန်ကြောင်း ပင်းတယမြို့နယ် သရက်ကုန်းတောင်ကျေးရွာမှ ပန်းထိမ်ငိုပန်းစိုက်ပျိုးသူ ဦးခင်မောင်ကပြောသည်။

ပန်းထိမ်ငိုပန်းပျိုးပင်များကို ဧပြီလနှင့် မေလတို့တွင် စတင်စိုက်ပျိုးကြပြီး ပထမအကြိမ်စိုက်ပျိုးစဉ်က စိုက်ပျိုးစရိတ်ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျမှုရှိကြောင်း၊ စိုက်ပျိုးပင်များသည် ယခုကဲ့သို့ မိုးရာသီတိုင်း ငါးနှစ်ခန့်အထိ ပြန်လည်ဖူးပွင့်ပေါက်ရောက်လေ့ရှိကြောင်းနှင့် ထပ်ဆောင်းစိုက်ပျိုးခြင်းလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပန်းထိမ်ငိုပန်းများကို ပင်းတယမြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာတချို့ရှိ စိုက်ပျိုးရေးခြံများအထိ ကုန်သည်များက လာရောက်ဝယ်ယူကာ သက်ဆိုင်ရာမြို့နယ်များရှိ ဈေးများသို့ ပို့ဆောင်ရောင်းချသောလုပ်ငန်းများတွင်ကျယ်လျက်ရှိကြောင်း၊ ဒေသနေပြည်သူများလည်း ဝါတွင်းကာလတွင် ဘုရား၊ စေတီပုထိုးများအား ကပ်လှူပူဇော်ရန် စိုက်ပျိုးရေးခြံများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။ (၄၀၅)

ပွင့်ဖြူ၊ တောင်သူဖွံ့ဖြိုးရေး

# တောင်သူအစုအဖွဲ့များ စုပေါင်း၍ နှမ်းသီးနှံစုပေါင်းရောင်းချပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (RFDA)၊ မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA) နှင့် မြင့်မြတ်တော်ဝင်သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့ပူးပေါင်း၍ ဇူလိုင်လ ၁၅ ရက်တွင် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ၌ နှမ်းသီးနှံစုပေါင်းရောင်းချပွဲ ကျင်းပသည်။

အဆိုပါတောင်သူအစုအဖွဲ့များ စုပေါင်းကျင်းပသည့် နှမ်းသီးနှံစုပေါင်းရောင်းချပွဲကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီထွက်သီးနှံနှမ်းများဝယ်ယူရာတွင် အရည်အသွေးကောင်းမွန်မှုပေါ်မူတည်၍ (A,B,C) အဆင့်များ သတ်မှတ်ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်မှာ နွေနှမ်းပေါ်ချိန်ဖြစ်လို့ ဒေသခံတောင်သူတွေ သီးနှံတွေအဆင်ပြေစွာ ရောင်းချနိုင်အောင် တောင်သူအစုအဖွဲ့တွေ ပူးပေါင်းပြီး နှမ်းသီးနှံစုပေါင်းရောင်းချပွဲကျင်းပတာဖြစ်ပါတယ်။ အခုလိုနှမ်းသီးနှံစုပေါင်းရောင်းချပွဲ ကျင်းပပေးတဲ့အတွက် ဒေသခံတောင်သူတွေလည်း အဆင်ပြေကြတယ်။ ဒေသထွက်နှမ်းတွေ ဝယ်ယူရာမှာ အရည်အသွေးကောင်းမွန်မှုပေါ်မူတည်ပြီး (A,B,C) အဆင့်တွေ သတ်မှတ်ဝယ်ယူပါတယ်” ဟု ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်ကပြောသည်။

ပွင့်ဖြူမြို့နယ်၌ မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA) အဖွဲ့က ယခုကဲ့သို့ တောင်သူသီးနှံစုပေါင်းရောင်းချပွဲကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တောင်သူအသိပညာပေးဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုပစ္စည်းများ အချိုးကျသုံးစွဲတတ်စေရေးနှင့် သဘာဝမြေဩဇာအသုံးပြုရေးဆိုင်ရာများကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



မော်လမြိုင်ကျွန်း၊ စီးပွားရေး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စန်းငွေး၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအလုံးရေ ၄၂၀၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ အုန်းသီးအလုံးရေ ၅၇၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

“မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလည်း ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်အုန်းသီးတွေ ဝယ်လိုအားကောင်းနေပါတယ်။ အုန်းသီးက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းနေတာဖြစ်ပါတယ်” ဟု ဒေါ်စန်းငွေးကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးအနု၊ အုန်းသီးအခွံခွာ စသည်တို့လုပ်ဆောင်ပြီး ကုန်တင်ယာဉ်၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း သိရသည်။

အဆိုပါဒေသထွက်အုန်းသီးများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းခြံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေကြောင်း သိရသည်။ **သုတကျော်**




တံတားဦး၊ စိမ်းလန်းစိုပြည်ရေး

# တံတားဦးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၅ ရက်တွင် သူငယ်တော်ကျေးရွာအုပ်စု သူငယ်တော်တောရဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်တာဝန်ရှိသူများက စိုက်ပျိုးရန် ကျွန်းပင်များကို အသီးသီးပေးအပ်ကြသည်။ ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျွန်းပင် ၁၉၅ ပင်ကို စိုက်ပျိုးကြသည်။

တံတားဦးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒကြည်လင်အေးမြစေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ဌာနဆိုင်ရာများနှင့် စုပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

ရန်ကုန်၊ အထိမ်းအမှတ်နေ့

# (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး ကဗျာနှင့်ပန်းချီပြိုင်ပွဲများကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ်ပညာရေးဌာနမှ စီစဉ်ကျင်းပသော (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ဇူလိုင်လ ၁၅ ရက်တွင် တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများကျင်းပရာတွင် ပြိုင်ပွဲများမစတင်မီ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကဏ္ဍအလိုက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ကာယ၊ ဉာဏနှင့် တီထွင်ဖန်တီးမှုစွမ်းရည်များတိုးတက်မြင့်မားလာပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များဖြစ်ပေါ်လာစေရန်၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများကို သိရှိစေရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ ရယူပေးခဲ့သည့် လွတ်လပ်ရေးကိုတန်ဖိုးထားသည့်စိတ်၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပေါက်ဖွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် တပ်မတော်

**ဒီတပ်မတော်ဟာ လူတစ်ဦးတစ်ယောက်အတွက် တည်ထောင်ထားတာမဟုတ်ဘူး။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာ တစ်ဖွဲ့တစ်ပါတီ လူတစ်စုအတွက် တည်ထောင်ထားတာမဟုတ်။ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက်ဖြစ်တယ်။**

(၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက် ဗမာ့တပ်မတော် ဗိုလ်သင်တန်းကျောင်းဆင်းပွဲနှင့် ဘွဲ့နှင်းသဘင် အပ်နှင်းပွဲအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နေပြည်တော် ဇူလိုင် ၁၅

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင်လ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

## အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)အား ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင်လ ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။



တွေ့ဆုံစဉ် စက်ရုံမှူးက ခါးပြတ်မီးဖိုဖြင့် သံရည်ကျိုလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းသုံးရေရရှိရေးအတွက် ရေသန့်စင်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများအနက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပထမအဆင့်နှင့် ဒုတိယအဆင့် ရေတွန်းအလုပ်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးစီမံဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ကိုင်တွယ်မောင်းနှင်ရမည့်စက်ပစ္စည်းများကို ကျေညက်အောင်လေ့လာထားရန်၊ ရန်ပုံငွေများကို အလေအလွင့်မရှိအောင်နှင့် အကျိုးရှိအောင်သုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပထမအဆင့် ရေတွန်းအလုပ်ရုံ၊ ဒုတိယအဆင့် ရေတွန်းအလုပ်ရုံ၊ ကျောက်မီးသွေးပြုပြင်ရေးအလုပ်ရုံ၊ ရေသန့်စင်အလုပ်ရုံနှင့်ဂါလန် ၄၆ သိန်းဆံ့ရေကန်တို့အား သန့်ရှင်းရေးပြုလုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ရေသန့်စင်အလုပ်ရုံ၌ ဘွိုင်လာအတွက် အသုံးပြုမည့်ရေများထုတ်လုပ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောပရိုဂရမ်များ အချိန်မီပြီးစီးအောင်ရေးဆွဲရန်၊ သံရည်ကျိုအလုပ်ရုံရှိကရိန်းများကို စမ်းသပ်မောင်းနှင်ရန်နှင့် သံရည်ကျိုမီးဖိုအတွင်း၌ မီးခံအုတ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဇူလိုင် ၁၅

## သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းအား ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အိမ်ခန်းနေရာချထားရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုခဒဂုံပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်အတွင်း ပြီးစီးရန်ကျန်ရှိသည့်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သုခဒဂုံပြည်သူ့အငှားအိမ်ရာသည် နေရေးအခက်အခဲရှိသူများကို သက်သာသော အိမ်ခန်းငှားရမ်းခနှုန်းထားများဖြင့် နေထိုင်နိုင်ရေးအတွက်ရည်ရွယ်၍ နိုင်ငံတော်မှ စနစ်တကျတည်ဆောက်ပေးထားခြင်းဖြစ်ပြီး အဆိုပါတည်ဆောက်ပြီး အိမ်ရာများတွင် နေရေးအခက်အခဲရှိသည့်တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် အများပြည်သူများနေထိုင်နိုင်ရေးအတွက် အိမ်ခန်းနေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



(၁၀၀)

□ရှေ့ဖုံးမှအဆက်

အပြစ်မဲ့အရပ်သား ၇၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို တိုက်တွန်းလျက်ရှိရာ ပြည်သူအားလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူက ထုတ်ပြန်ထားသည့် တာဝန်မဲ့သော အစည်းအဝေး စာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာဖော်ပြထားရာ အထင်အမြင်လွဲမှားမှုများ နက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ပြင်းထန်သောသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် မျှတမှုကင်းမဲ့စွာ တောင်းဆိုထားသည်။

အိုအိုင်စီက မကြာသေးမီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင် လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကိုဖော်ပြရန် ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့်ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့သည်ကို ပြသနေသည်။

အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီး မျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများ နေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့်ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏နောက်ဆက်တွဲအပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို သေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့်ကြိုးပမ်းမှုများကို ဟန့်တားခြင်း မပြုရန် တောင်းဆိုသည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အပြန်အလှန်ဆွေးနွေးပွဲများနှင့် အိုအိုင်စီက တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်အသီးသီးကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့တို့၏အင်တာနက်စာမျက်နှာများတွင် လေ့လာကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။**

ရန်ကုန် ဇူလိုင် ၁၅

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများအခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ဇူလိုင်လ ၁၄ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်က ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန်ရောက်ရှိစဉ် အေးဂျင့်ရုံးမှ နိုင်ငံကူးလက်မှတ်၊ ဖုန်းနှင့် ခရီးဆောင်အိတ်တို့ကို သိမ်းဆည်းထားခဲ့ပြီး အေးဂျင့်ရုံးနေရာခြောက်နေရာသို့ တစ်နှစ်အတွင်း ပြောင်းရွှေ့နေထိုင်ခဲ့ရသော်လည်း အလုပ်အကိုင်မရခဲ့သောကြောင့် နောက်ဆုံးတွင် အေးဂျင့်ရုံးတစ်ခုမှ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်အကြောင်းကြားပေးမှုဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကိုစီစဉ်ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မဇူးဇူးလှိုင်က "ကျွန်မက ပြည်ခရိုင် ပေါက်ခေါင်းမှာနေပါတယ်။ အသက်က ၂၁ နှစ်ပါ။ ဒူဘိုင်းကိုရောက်တော့ လာခေါ်တဲ့အေးဂျင့်က အခန်းထဲပိတ်ထားတယ်။ ဘယ်မှပေးမသွားဘူး။ နိုင်ငံကူးစာအုပ်၊ ဖုန်းနဲ့ ခရီးဆောင်အိတ်ကိုသိမ်းသွားတာ အခုပြန်တဲ့အချိန်အထိမရခဲ့ပါဘူး။ အေးဂျင့်ရုံး နေရာခြောက်နေရာပြောင်းပြီး နေခဲ့ရပေမယ့် အလုပ်မရခဲ့ပါဘူး။ တစ်နှစ်နဲ့ တစ်ပတ်ကြာခဲ့ပါတယ်။ အေးဂျင့်ရဲ့ အားနည်းမှုကြောင့် အလုပ်လုံးဝမရခဲ့တာပါ။ တာဝန်လည်းလုံးဝမယူပါဘူး။ ရန်ကုန်အေးဂျင့်ကိုဆက်သွယ်လို့ရပေမယ့် သူက ရန်ကုန်ကထွက်သွားကတည်းက ငါနဲ့မဆိုင်တော့ဘူးလို့ပြောပါတယ်။ ဒူဘိုင်းကအေးဂျင့်ကလည်း နင်က ရန်ကုန်အေးဂျင့်ရဲ့လူ ငါတို့နဲ့မဆိုင်ဘူးလို့ ပြောတာကြောင့် အားကိုးလို့မရခဲ့ပါဘူး။ မြန်မာပြည်ကသွားကြတဲ့ အမျိုးသား၊ အမျိုးသမီးတော်တော်များများဟာ နောင်တရပြီး ပြန်လာကြတာများပါတယ်။ ကျွန်မအပါအဝင်ပါပဲ။ လုံးဝမသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ အစားအစာဆိုရင် စားရတဲ့ရက်ရှိသလို မစားရတဲ့ရက်လည်းရှိတယ်။ အချို့ဟာတွေက မြန်မာအစားအစာလို မဟုတ်တော့ ဝလင်အောင်စားလို့မရတာလည်းပါတယ်။ အားလုံးကူညီပေးခဲ့တဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက လူကြီးများနဲ့ အစ်ကိုများအားလုံးကို အလွန်ကျေးဇူးတင်ပါတယ်။ သမီးတစ်ဦးတည်းကိုမှမဟုတ်ပါဘူး။ သူတို့က အားလုံးကို နွေးနွေးထွေးထွေးနဲ့ ကူညီပေးခဲ့ကြတာပါ။ ကျေးဇူးကြီးလှပါတယ်။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်ရှင်"ဟုပြောသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကလည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်လုပ်ကိုင်ရှာဖွေရေးအေဂျင်စီများမှ လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သောအန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့်နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏အခြေအနေမှန်အား လေ့လာသိရှိထားရန်လိုအပ်ကြောင်း အကြံပြုအသိပေးထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဓာတ်ပုံ – ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

● **မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုမှ**

ဇွန်လ ၃၀ ရက်တွင် ရန်ကုန်မြို့ MIP ဆိပ်ကမ်းမှ ပြောင်းဖူးစေ့နှင့် သန့်စင်ပြီးသတ္တုများတင်ဆောင်၍ ထွက်ခွာခဲ့ရာ ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဇူလိုင်လ ၈ ရက်တွင်စစ်ဆေးခဲ့ပြီး ရနောင်းသို့ဆက်လက်ထွက်ခွာခဲ့ကြောင်းနှင့် ရနောင်းဆိပ်ကမ်းတွင် ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင်လ ၁၀ ရက်တွင် ရနောင်းမှပြန်လည်ထွက်ခွာခဲ့သည်။

ထို့ပြင် Mawlamyine Century Logistics Co., Ltd (MCL)၏ ပထမသင်္ဘော (MCL 4 ) သည် ရန်ကုန်မြို့ TMT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့၊ သန့်စင်ပြီး ခဲသတ္တုနှင့် အဝတ်အထည်များ တင်ဆောင်၍ ဇူလိုင်လ ၁ ရက်တွင် စတင်ထွက်ခွာခဲ့ရာ ဇူလိုင်လ ၅ ရက်တွင် ကော့သောင်းကုန်သွယ်ရေးစခန်း၌ စစ်ဆေးခံပြီး ရနောင်းသို့ဆက်လက်ထွက်ခွာကြောင်း၊ ရနောင်းဆိပ်ကမ်းတွင်ကုန်ချခြင်း၊ သွင်းကုန်များကို တင်ဆောင်ခြင်းများပြုလုပ်၍ ဇူလိုင်လ ၁၂ ရက်တွင် ကော့သောင်း Check Point သို့ ပြန်လည်ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

အဆိုပါသင်္ဘောပေါ် ပါရှိပစ္စည်းများကို နယ်စပ်ကုန်သွယ်မှု စစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS) မှ သက်ဆိုင်ရာကဏ္ဍအလိုက်အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် ပေ ၂၀ ကုန်သေတ္တာ ၅၆ လုံး၊ ပေ ၄၀ ကုန်သေတ္တာ နှစ်လုံး စုစုပေါင်း ကုန်သေတ္တာအရေအတွက် ၅၈ လုံးပါရှိကြောင်းသိရှိရပြီး သင်္ဘောသည် ဇူလိုင်လ ၁၃ ရက်တွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကာ ဒုတိယသင်္ဘော (MCL 9) သည်လည်း ဇူလိုင်လ ၁၅ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ ကုန်တင်ဆောင်ခြင်းများပြုလုပ်၍ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု (ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်)ကို ကမ်းရိုးတန်းဆိပ်ကမ်းမှ ကွန်တိန်နာသင်္ဘောနှစ်စင်းဖြင့် ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်္ဘောများ ဆက်လက်၍ထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်းကွတ်သီး၏ကောင်းကျိုးများ

အခုလိုမိုးရာသီကာလမှာ ဒူးရင်းသီးနဲ့မင်းကွတ်သီး လှိုင်လှိုင်ပေါ်လေ့ရှိပါတယ်။ ဒူးရင်းသီးက အပူစာဖြစ်တဲ့အတွက် အစားများရင် မအီအောင်နဲ့ အပူပြေအောင် မင်းကွတ်သီးနဲ့ဖြေရပါတယ်။ ဒ့ါပြင် မင်းကွတ်သီးက ကျန်းမာရေးအတွက် ကောင်းကျိုးတွေ များစွာပေးစွမ်းနိုင်ပါတယ်။

အရေပြားပြဿနာတွေ ဖြေရှင်းနိုင်ပါတယ်။ မင်းကွတ်သီးမှာ ဗက်တီးရီးယားပိုးသေစေတဲ့ အာနိသင်ရှိတာကြောင့် အရေပြားပြဿနာတွေကို ကုသရာမှာ အလွန်ထိရောက်မှုရှိပါတယ်။ မျက်နှာပေါ်က ဝက်ခြံတွေ၊ ဝက်ခြံကြောင့်ကျန်ခဲ့တဲ့အမာရွတ်တွေ၊ အရေပြားခြောက်သွေ့တာ၊ အဆီပြန်တာ စတဲ့အရေပြားပြဿနာတွေအတွက် မင်းကွတ်သီးကို အသုံးပြုနိုင်ပါတယ်။

သွေးတွင်းမကောင်းတဲ့အဆီကို လျှော့နည်းစေပါတယ်။ မင်းကွတ်သီးကို နေ့စဉ်စားသုံးပေးမယ်ဆိုရင် သွေးတွင်းကိုလက်စထရောပမာဏကို လျှော့နည်းစေတဲ့အပြင် သွေးတွင်းမကောင်းတဲ့အဆီတွေကိုလည်း လျှော့နည်းစေပါတယ်။

ဓာတ်တိုးဖြစ်စဉ်တွေကြောင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေပါတယ်။ မင်းကွတ်သီးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တဲ့ ကက်တီချင် (Catechin) များစွာပါဝင်လို့ ဓာတ်တိုးပစ္စည်းတွေကို ဆန့်ကျင်တိုက်ထုတ်ပေးပါတယ်။ မင်းကွတ်သီးကို ပုံမှန်စားပေးရင် အရွယ်တင်နုပျိုစေပါတယ်။

ကင်ဆာရောဂါကို ကာကွယ်ပေးပါတယ်။ မင်းကွတ်သီးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တဲ့ အင်တီအောက်စီးဒင့်တွေ များစွာပါဝင်လို့ ကင်ဆာရောဂါကာကွယ်ဖို့ အလွန်အသုံးဝင်ပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တဲ့ အင်တီအောက်စီးဒင့်တွေက ခန္ဓာကိုယ်ထဲမှာရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေကို တိုက်ခိုက်တာကြောင့် ရောဂါတွေဖြစ်ပွားရပါတယ်။ ခန္ဓာကိုယ်မှာ နာတာရှည်ရောဂါတွေ ဖြစ်ပွားလာရတဲ့အကြောင်းက ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေကြောင့်ဖြစ်လို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်တဲ့ မင်းကွတ်သီးကို စားသုံးဖို့လိုအပ်ပါတယ်။

ကိုယ်အလေးချိန် ပုံမှန်ထက်များနေသူတွေအနေနဲ့ ကိုယ်အလေးချိန်လျှော့ချဖို့ မင်းကွတ်သီးစားသုံးနိုင်ပါတယ်။ မင်းကွတ်သီးက ခန္ဓာကိုယ်တွင်းအဆီတွေကို လောင်ကျွမ်းစေလို့ ပိုလျှံနေတဲ့အဆီတွေကို လျှော့နည်းသွားစေပါတယ်။

ကယ်လိုရီရရှိမှုနည်းစေပါတယ်။ မင်းကွတ်သီး ၁၀၀ ဂရမ်ကနေ ၆၃ ကယ်လိုရီသာ ရရှိပါတယ်။ ခန္ဓာကိုယ်မှာ ကယ်လိုရီများစွာရှိတာ မကောင်းပါဘူး။ မင်းကွတ်သီးမှာ ကိုလက်စထရောနဲ့ ပြည့်ဝဆီတွေလည်း လုံးဝမပါဝင်ပါဘူး။ ကျန်းမာရေးအတွက် ကောင်းမွန်စေတဲ့ အမျှင်ဓာတ်တွေ များစွာပါဝင်ပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန်ထိန်းသိမ်းလိုသူတွေအနေနဲ့ မင်းကွတ်သီးစားသုံးသင့်ပါတယ်။

ဆဲလ်တွေပျက်စီးမှုကနေ ကာကွယ်ပေးပါတယ်။ မင်းကွတ်သီးမှာ တခြားအသီးတွေထက် ဇန်သိုင်း (Xanthine) ပါဝင်မှုများပြားတာကြောင့် အရေပြားဆဲလ်တွေ ပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။

သွေးလည်ပတ်စီးဆင်းမှု ကောင်းစေပါတယ်။



မင်းကွတ်သီးကို ပုံမှန်စားသုံးရင် သွေးအားနည်းတာကို ကာကွယ်နိုင်ပါတယ်။ မင်းကွတ်သီးက သွေးကြောတွေ ကျယ်စေပြီး သွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေပါတယ်။

အားအင်ပြည့်ဝစေပါတယ်။ မင်းကွတ်သီးစားသုံးရင် တစ်နေ့တာလုံးအားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ မင်းကွတ်သီးထဲမှာ အာဟာရဓာတ်များစွာပါဝင်လို့ မောပန်းနွမ်းနယ်မှုတွေပြေပျောက်စေပြီး အားပြည့်လန်းဆန်းစေပါတယ်။

တီဘီရောဂါပိုးမဝင်အောင် ကာကွယ်ပေးပါတယ်။ မင်းကွတ်သီးမှာ မှိုပိုးသတ်အာနိသင်၊ ဗက်တီးရီးယားပိုးသတ်အာနိသင်တွေရှိပါတယ်။ မင်းကွတ်သီးစားရင် ကိုယ်ခံစွမ်းအားမြင့်မားစေပြီး ဗက်တီးရီးယားပိုးမွှားတွေ ခန္ဓာကိုယ်ထဲမဝင်ရောက်နိုင်အောင်လည်း ကာကွယ်ပေးပါတယ်။ တီဘီရောဂါဖြစ်စေတဲ့ တီဘီပိုးမဝင်အောင် ကာကွယ်ပေးပါတယ်။

သွားနဲ့သွားဖုံးပြဿနာတွေကို ကာကွယ်နိုင်ပါတယ်။ သွားအခြေရောင်ရမ်းတာနဲ့ သွားဖုံးရောဂါတွေ ကုသရာမှာ မင်းကွတ်သီးကို အသုံးပြုနိုင်ပါတယ်။ မင်းကွတ်သီးကိုပုံမှန်စားသုံးရင် သွားနဲ့ခံတွင်းရောဂါဖြစ်ပွားမှုကနေ ကင်းဝေးစေပါတယ်။

ဗီတာမင်စီရရှိစေပါတယ်။ မင်းကွတ်သီးမှာ ဗီတာမင်စီများစွာပါဝင်ပြီး တုပ်ကွေးရောဂါနဲ့ တခြားရောဂါတွေမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

ဓမ္မတာမလာမီ ခံစားရမှုဝေဒနာတွေ သက်သာစေပါတယ်။ အမျိုးသမီးအများစု လစဉ် ဓမ္မတာမလာခင် ခံစားရတဲ့ဝေဒနာတွေသက်သာစေဖို့ မင်းကွတ်သီး စားသင့်ပါတယ်။

ရောင်ရမ်းမှုကိုသက်သာစေပါတယ်။ မင်းကွတ်သီးက ရောင်ရမ်းမှုတွေလျှော့နည်းစေတဲ့အပြင် အဓိကအာရုံကြောကြောင့်ဖြစ်တဲ့ နာကျင်မှုတွေကို သက်သာစေပါတယ်။

သွေးဖိအားထိန်းညှိပေးပါတယ်။ မင်းကွတ်သီးမှာ ကော့ပါး၊ မဂ္ဂနိစ်၊ မဂ္ဂနီစီယမ် စတဲ့သတ္တုဓာတ်တွေ များစွာပါဝင်ပါတယ်။ လေဖြတ်တာနဲ့ နှလုံးရောဂါတွေကို ကာကွယ်ပေးနိုင်တဲ့ ပိုတက်စီယမ်ဓာတ်တွေလည်း များစွာပါဝင်ပါတယ်။ ပိုတက်စီယမ်က ဆဲလ်တွေနဲ့ ခန္ဓာကိုယ်တွင်းအရည်တွေအတွက် အဓိကကျတဲ့ ပါဝင်ပစ္စည်းတွေထဲက တစ်ခုဖြစ်တယ်။ သွေးဖိအားကို ထိန်းညှိပေးပြီး နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေပါတယ်။

ဗိုင်းရပ်စ်ပိုးကူးစက်မှုမရှိအောင် ကာကွယ်ပေးပါတယ်။ မင်းကွတ်သီးထဲမှာပါတဲ့ ဇန်သိုင်း (Xanthine) က ဗိုင်းရပ်စ်ပိုးမွှားတွေမဝင်အောင်ကာကွယ်ဖို့ အလွန်အသုံးဝင်တယ်။ မှိုပိုးနဲ့ဗိုင်းရပ်စ်ပိုးအတွက် ထိရောက်စွာ ကာကွယ်နိုင်တယ်။ အရေပြားပေါ်ကျရောက်နိုင်တဲ့ ကင်ဆာဖြစ်တဲ့ဓာတ်ပစ္စည်းတွေကိုလည်း တွန်းလှန်တိုက်ထုတ်ပေးပါတယ်။

ဓာတ်တိုးပစ္စည်းတွေ ဆန့်ကျင်စေတယ်။ ဇန်သိုင်း (Xanthine) က ပိုလီဖီနောဒြပ်ပေါင်းဖြစ်ပြီး သဘာဝကနေရရှိနိုင်ပါတယ်။ မင်းကွတ်သီးမှာ အယ်လ်ဖာနဲ့ ဘီတာအမျိုးအစားဇန်သိုင်း (Xanthine) တွေ ပါဝင်ပါတယ်။ အဲဒီဒြပ်ပေါင်းက အနာကျက်စေတဲ့ အာနိသင်၊ ရောင်ရမ်းမှုတွေလျှော့နည်းစေတဲ့အာနိသင်၊ နှလုံးနဲ့ သွေးကြောရောဂါတွေ ကာကွယ်ပေးတဲ့အာနိသင် စတာတွေကို ရရှိစေပါတယ်။

အယ်လ်ဇိုင်းမား (Alzheimer) ရောဂါဖြစ်ပွားမှုကနေ ကာကွယ်ပေးပါတယ်။ အယ်လ်ဇိုင်းမားက အကြောင်းအရာကိုပြန်မှတ်မိဖို့ ခဲယဉ်းတာ၊ အာရုံတွေရောထွေးတာ စတာတွေဖြစ်တတ်တယ်။ မင်းကွတ်သီးကို ပုံမှန်စားသုံးရင် အယ်လ်ဇိုင်းမားရောဂါမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

မင်းကွတ်သီးမှာ အကျိုးပြုပစ္စည်းတွေပါဝင်လို့ ရောဂါအများစုကို ကာကွယ်နိုင်တာမှန်ပေမယ့် သတိထားသင့်တဲ့အချက်တွေလည်းရှိပါတယ်။ တချို့ မင်းကွတ်သီးနဲ့ဓာတ်မတည့်ရင် အရေပြားယားယံတာ၊ နီရဲတာ၊ ရောင်ရမ်းတာ၊ အဖုထွက်တာတွေဖြစ်တတ်တယ်။ ဆိုးဆိုးရွားရွားခံစားရသူတွေမှာ ပါးစပ်၊ နှုတ်ခမ်း၊ လည်ချောင်းရောင်ပြီး နာကျင်မှုတွေခံစားရနိုင်ပါတယ်။

မင်းကွတ်သီးမှာ ဇန်သိုင်း (Xanthine) ပါဝင်ပြီး ပုံမှန်သွေးခဲတဲ့ဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေတယ်။ သွေးကျဲဆေးသောက်သူတွေ မင်းကွတ်သီးစားသုံးရင် အစာအိမ်နဲ့အူလမ်းကြောင်းမှာ သွေးယိုစိမ့်မှုတွေဖြစ်နိုင်ပါတယ်။

လက်တစ်အက်စစ် (Lactic acid) စုလာတတ်တယ်။ မင်းကွတ်သီးဖျော်ရည်ကို နေ့စဉ်သောက်တာ တစ်နှစ်ကြာတဲ့အခါ သွေးတွင်းမှာ လက်တစ်အက်စစ်တွေ ပုံမှန်မဟုတ်ဘဲ စုဝေးလာတယ်လို့ သုတေသနတစ်ခုမှာ တွေ့ရှိခဲ့တယ်။ လက်တစ်အက်စစ်တွေ ပုံမှန်မဟုတ်ဘဲ များလာတဲ့အခါ ပျို့အန်ချင်တာနဲ့ အားနည်းတာတွေ ဖြစ်နိုင်တယ်။

ဝမ်းပျော့တာ ဒါမှမဟုတ် ဝမ်းသွားတာဖြစ်နိုင်ပါတယ်။ မင်းကွတ်သီးတစ်အောင်စထက်ပိုစားရင် ဝမ်းပျော့တာ ဒါမှမဟုတ် ဝမ်းသွားတာဖြစ်စေပါတယ်။

ဆီးချိုရောဂါရှိသူတွေ မင်းကွတ်သီးမစားသင့်ပါဘူး။ မင်းကွတ်သီးဖျော်ရည်က တခြားသစ်သီးဖျော်ရည်ထက် သကြားပါဝင်မှုပိုများတယ်။ ဒါကြောင့် ဆီးချိုရောဂါရှိသူတွေ မသောက်သင့်ပါဘူး။

တခြားဘေးထွက်ဆိုးကျိုးတွေ ခံစားရနိုင်ပါတယ်။ မင်းကွတ်သီးကို အလွန်အကျွံစားရင် အိပ်မပျော်တာ၊ ဝမ်းဗိုက်မအီမသာဖြစ်တာ၊ ကြွက်သားနာကျင်တာ၊ ခေါင်းကိုက်တာ၊ အဆစ်အမျက်နာကျင်တာ၊ ပျို့အန်တာ၊ အသက်ရှူမြန်တာနဲ့ မူးဝေတာတွေ ဖြစ်တတ်ပါတယ်။ ။

**ဒေါက်တာလွင်သန့်**

မုံရွာ၊ စိုက်ပျိုးရေး

## မုံရွာမြို့နယ် အလုံမြို့၌ ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ်အသုံးပြု၍ ထယ်ထိုးမြေမြှုပ်ခြင်းအသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ တာဝန်ခံနှင့် ဝန်ထမ်းများသည် ဇူလိုင်လ ၁၅ ရက်တွင် မုံရွာမြို့နယ် အလုံမြို့ရှိ နွေစပါးရိုးပြတ်စိုက်ခင်းများသို့ရောက်ရှိပြီး မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ်အသုံးပြု၍ မြန်မြန်ဆွေးမြည့်စေရန် ထယ်ထိုးမြေမြှုပ်ခြင်းအသိပညာပေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ရှေးဦးစွာ မြေအသုံးချရေးဌာနခွဲ တိုင်းဒေသကြီး တာဝန်ခံ ဒေါ်ခင်ထွေးဝင်းက တက်ရောက်လာသော တောင်သူများအနေဖြင့် မိမိတို့၏ နွေစပါး၊ မိုးစပါးများရိတ်သိမ်းပြီးပါက ကောက်ရိုး၊ ရိုးပြတ်များကို မီးရှို့ခြင်းကြောင့် ထွက်ရှိလာမည့် မီးခိုးမြူငွေ့များလျှော့ချနိုင်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျော့နည်းသက်သာစေရေးနှင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးဓာတ်များ ပြန်လည်တိုးပွားလာပြီး စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေးအတွက် ယူရီးယားနှင့်အီးအမ်တို့အား ကောက်ရိုး၊ ရိုးပြတ်များပေါ်သို့ ပက်ဖျန်းကာ ထယ်ထိုးမြေမြှုပ်ပေးခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနည်းပညာများနှင့်ပတ်သက်ပြီး တောင်သူများ ထပ်မံသိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးကာ တောင်သူများနှင့်အတူ နွေစပါးရိုးပြတ်စိုက်ခင်းအတွင်း ထယ်ထိုးမြေမြှုပ်ခြင်းကို လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

သံဖြူဇရပ်၊ လူမှုရေး

## ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး သာသနာ့ဗိမာန်ခန်းမ၌ ဇူလိုင်လ ၁၄ ရက်တွင် ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တဝိသုတာစာရနှင့် ပင့်သံဃာတော်များက ဆုတောင်းပြည့် ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီးအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ တက် ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာ ကြသူများက ဆရာတော်ကြီးများအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(၄၀၆)

သနပ်ပင်၊ စိုက်ပျိုးရေး

## ကျေးရွာကုန်ထုတ်လမ်းဘေးဝဲ ယာ၌ မိုးရာသီ သီးပင်စားပင်များစိုက်ပျိုး



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သော ဖရဲစံပြကျေးရွာ အနောက်ဘက်ခြမ်းကုန်ထုတ်လမ်းဘေးဝဲ၊ ယာ၌ မိုးရာသီသီးပင်စားပင်များ စိုက်ပျိုးခြင်းကို ဇူလိုင်လ ၁၅ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီ ထွန်းက ကျေးရွာလမ်းကော်မတီဝင်များ၊ ကျေးရွာ သူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကုန်ထုတ် လမ်းဘေးဝဲ၊ ယာ၌ အရိပ်ရပင်နှင့် သီးပင်စား ပင်များ စိုက်ပျိုးပေးရခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားကာ ကျေးရွာမှ တာဝန်ရှိသူများကလည်း သစ်ပင်များရှင်သန် ကြီးထွားရေးအတွက် ပြုစုစောင့်ရှောက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ သီးပင်စားပင်များဖြစ်သည့် ပေါက်ပန်းဖြူပင် ၁၃၀၊ ဒန့်သလွန်ပင် ၂၀၀၊ ကြောင်လျှာပင် ၁၅၀၊ သရက်ပင် ၃၀ နှင့် မန်ကျည်းပင် ၁၅၀ တို့ကို ဖရဲစံပြကျေးရွာအနောက်ဘက်ခြမ်းကုန်ထုတ်လမ်း ဘေးဝဲ၊ ယာ၌ စိုက်ပျိုးပေးကြကြောင်း သိရသည်။

**သက်မာ**

ပင်းတယ၊ လူမှုရေး

## ပင်းတယမြို့နယ် သဘာဝအင်းလျားရေကန်ပတ်ပတ်လည်၌ ကြာဖြူပန်းများ လှပစွာဖူးပွင့်ဝေဆာလျက်ရှိသောကြောင့် လာရောက်လည်ပတ်နိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ရွှေ ပုထိုးကျေးရွာနှင့် သိမ်ကုန်ကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျေးလက်လမ်းမဘေး၌ ရှေးယခင်ကတည်းက တည်ရှိခဲ့သောအင်းလျား ကန်အမည်ရ သဘာဝရေကန်ကြီးအတွင်း၌ မိုးလရာသီကာလ ဇူလိုင်လပထမပတ်မှစတင်၍ ကြာဖြူ ကြာနီပန်းများလှပစွာဖူးပွင့်ဝေဆာလျက် ရှိသောကြောင့် လာရောက်လည်ပတ်နိုင်ကြောင်း သိရသည်။





အဆိုပါ အင်းလျားကန်ပတ်ပတ်လည်၌ သဘာဝအလျောက် လှပစွာဖူးပွင့်နေသော ကြာဖြူ၊ ကြာနီပန်းများကို မြို့ပေါ် ရပ်ကွက် ၁၃ ရပ်ကွက် နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၅ ရွာမှ ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားမိဘပြည်သူများက ဘုရားပန်းများကပ်လှူပူဇော်ရန်အတွက်လည်း ကောင်း၊ လှပစွာပွင့်ဖူးနေသော ပန်းခင်းအတွင်း၌ အမှတ်တရမှတ်တမ်းဓာတ်ပုံများ လာရောက် ရိုက်ကူးရန်အတွက်လည်းကောင်း၊ ရပ်နီးရပ်ဝေးရှိ မိတ်ဆွေသူငယ်ချင်းများအား ကြာဖြူ ကြာနီပန်း အဖူးအပွင့်များ လက်ဆောင်ပေးရန်အတွက် လည်းကောင်း အသုံးပြုကြသည်။

ထို့ပြင် မကြာမီရောက်ရှိလာတော့မည့် ၁၃၈၆ ခု ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလကာလ၌ ဝါဆိုဦးပန်းများဆက်ကပ်ရာတွင် အင်းလျား ရေကန်အတွင်းရှိ ကြာဖြူ ကြာနီ၊ ကြာညိုပန်း များကို လာရောက်ခူးယူ၍ ဆက်ကပ်လှူဒါန်း ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## လွမ်းအဓိဋ္ဌာန်

➢ ထီးကျိုးစည်ပေါက်၊ နန်းပျောက်ခဲ့ရ
မြန်မာ့ဘုရင်၊ ကျွန်စာရင်းဝင်သည့်
ထိုစဉ်မှစ၊ နိုးထတွန်းလှန်
အင်္ဂလိပ်ရန်ကို၊ အောင်လံလွှင့်တင်
အောင်ပွဲဆင်လည်း၊ မူသွင်ဆိုးညစ်
ဖက်ဆစ်ဂျပန်၊ တော်လှန်စစ်ပွဲ
ဆင်နွှဲဦးဆောင် မြန်ပြည်ထောင်။

➢ ဂျပန်အဆုတ်၊ နယ်ချဲ့ယုတ်တို့
ယုတ်မာကောက်ကျစ်၊ ကျွန်ပြန်ဖြစ်မို့
နှံ့နစ်မခံ၊ ဇောစိတ်သန်လျက်
အမြန်လွတ်ရေး၊ ဦးစားပေးလျက်
လေးနက်ခိုင်မာ၊ ကြိုးပမ်းလာ၍
အရာထင်ထင်၊ ဖြစ်လာစဉ်ဝယ်
ဉာဏ်ဆင်သွေးထိုး၊ အဖြစ်ဆိုးကား
ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်အောင်
ဖြိုင်ဖြိုင်မျက်ရည်၊ ဖြေမဆည်တည့်
ပြည်ချစ်ပန်းများ ကြွေခဲ့ပြီ။

➢ သမိုင်းမှိန်ညှိုး၊ ထိုရက်ဆိုး၌
မိုးကဖွဲ့ဖွဲ့၊ ကျနေဆဲတွင်
ကြွေကွဲခဲ့ရ၊ မေ့မရမို့
တသအောက်မေ့၊ တည်သရွေ့ကမ္ဘာ
မြန်မာနိုင်ငံ၊ ခွန့်ရှည်ရန်ဟု
ဓိဋ္ဌာန်ပြုလျက်၊ ရှေ့သို့ဆက်မည်
လွမ်းလျက်ဓိဋ္ဌာန် ပြုကြစို့။

➢ ယနေ့လူငယ်၊ မောင်နှင့်မယ်တို့
စိတ်ဝယ်တမ်းတ၊ လွမ်းဆွေးကြလျှင်
မြန်မာ့လွတ်လပ်ရေး၊ ရှေးရှုတွေးလျက်
ပြည်ရေးဝန်တာ၊ ထမ်းရွက်ပါမှ
ကမ္ဘာတည်သရွေ့၊ မြန်ပြည်ရှိမည်
အသိစိတ်မွေး၊ ပြည့်အရေးမို့
အလေးဂရု ပြုကြစို့။
လွမ်းသည့်ဓိဋ္ဌာန် မှန်ကန်ဖို့။ ။

**ဘိုမျိုး(ရွှေဘို)**

## ♫♫ သင်္ဂ (FM) အသံလွှင့်အစီအစဉ် ♫♫

၁၆-၇-၂၀၂၄(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၅း၃၀ | Opposite Song |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် | ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ | ၆။ | ၁၈း၂၀ | Online Request Song |

နေပြည်တော် ဇူလိုင် ၁၅

## ၁၃၈၆ (၂၀၂၄) ခုနှစ်၊ (၃၁)ကြိမ်မြောက် အစိုးရနိကာယ စာမေးပွဲအောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၆ (၂၀၂၄) ခုနှစ်၊ အစိုးရနိကာယစာမေးပွဲ အောင်စာရင်းကို ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### ပြင်းထန်ဝမ်းပျက်ဝမ်းလျှောမှု

ည ၆း၀၀ နာရီမှ (၁၅-၇-၂၀၂၄)ရက်နေ့၊ ည ၆း၀၀ နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၉၆ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၁၃ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၅-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၉၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၅-၇-၂၀၂၄)ရက်နေ့၊ ည ၆း၀၀ နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း ၆၁၃ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဇူလိုင် ၁၅

## ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁၅ ရက်တွင် သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပခဲ့ရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ စစ်သည်များနှင့်မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရလေကာပင်များဖြစ်သော ထိုင်ဝမ်ဗာဒံပင် ၁၂၅ ပင်၊ မဲဇလီပင် ၁၂၅ ပင်၊ ပိတောက်ပင် ၁၃၀ ပင်၊ ခရေပင် ၁၂၀ ပင်နှင့် မန်ဂျန်ရှားပင် ၂၀၀ စုစုပေါင်း အပင် ၇၀၀ တို့ကို ကမ်းခြေစောင့်ကွပ်ကဲမှုဌာနချုပ်၏ တပ်အဝင်လမ်းမကြီး လမ်းဘေးဝဲ/ယာတို့တွင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(၅၀၀)**

■ **ကျောဖုံးမှအဆက်**

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေကျော်ခန့် (၁၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေကျော်ခန့် (၁၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခန့် (၂၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခန့် (၂၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခန့် (၁၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့် (၂၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၃၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မအူပင်မြို့နယ်၊ မန္တလေးမြို့၊ ခန္တီးမြို့၊ ငါးသိုင်းချောင်းမြို့၊ မြစ်ငယ်မြို့နှင့် ဆိပ်သာမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

နေပြည်တော်  ဇူလိုင်  ၁၅

## အရာထမ်း၊ အမှုထမ်းအိမ်ရာများသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများအတွက်ခွဲဝေချထားပေးသော နိုင်ငံတော်ပိုင်တိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိသူများအနေဖြင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်မှု ရှိ မရှိ ချမှတ်ထားသောအိမ်ရာများတွင် နေထိုင်ခြင်း ရှိ၊ မရှိ၊ နေအိမ်ခန်းများတွင် အိမ်ထောင်စုစာရင်းအတိုင်းနေထိုင်ခြင်း ရှိ၊ မရှိနှင့် မသက်ဆိုင်သူများ နေထိုင်မှုမရှိစေရေးသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိ ရပ်ကွက်ရှိ တိုက်အမှတ် (၂၂၁၆)သို့ရောက်ရှိပြီး အိမ်ရာတွင် ရေ၊ မီးရရှိမှု၊ LED မီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံကြံ့ခိုင်မှု၊ အိမ်ထောင်စုစာရင်းအတိုင်းနေထိုင်မှု ရှိ၊ မရှိနှင့် အိမ်ရာပတ်ဝန်းကျင်၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုက်ခန်းနေမိသားစုများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

ရန်ကုန်  ဇူလိုင်  ၁၅

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၀) သင်တန်းဖွင့်ပွဲကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခယ်ခန်းမ၌ ယနေ့နံနက် ၇ နာရီတွင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခ(ပညာဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၀)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၇ ဦး၊ သင်တန်းသူ ၂၄၈ ဦး စုစုပေါင်း ၃၅၅ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇူလိုင်လ ၁၅ ရက်မှ စက်တင်ဘာလ ၂၅ ရက်အထိ ရက်သတ္တ(၁၀)ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚ C | / | ၃၁.၄˚ C |
| ရန်ကုန် | ၂၄˚ C | / | ၃၂.၀˚ C |
| မန္တလေး | ၂၈˚ C | / | ၃၆.၀˚ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော်  ဇူလိုင်  ၁၅

## နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစနစ် ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ၁၄ ရွာမှ သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသော ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ဈေးကွက်ရရှိရေးတို့အတွက် နေပြည်တော်ကောင်စီ အသေးစား၊ အငယ်စား၊ အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် အိမ်ရှင်မဆီစက်လုပ်ငန်းတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေစွမ်းအားစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်မင်းလွင်၏ တွန်းနနီ မြေပဲ (၄) ဧက စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသင်းသားတောင်သူများနှင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**



ရန်ကုန်  ဇူလိုင်  ၁၅

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ် သဲကွင်းစုရပ်ကွက်သို့ ရောက်ရှိပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်အတွင်း၌ အများသုံးသန့်စင်ခန်း (၅) ခန်းတွဲ (၂) လုံး တည်ဆောက်ထားရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေများပေးဝေနေမှုကိုကြည့်ရှုကာ ရေစည်ရေကန်များ ကလိုရင်းဆေးများ ခတ်ထားရန်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန်/ရှောင်ရန်များကို လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့သို့ ရေပေးဝေနေသည့် ဇရာဝဏ်ရေပေးဝေရေးစခန်း(၁)သို့လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုရှိသည့် အနော်မာရပ်ကွက်သို့လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ လှိုင်သာယာမြို့နယ်ဆေးရုံအုပ်ကြီး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

နေပြည်တော်　ဇူလိုင်　၁၅

# အမျိုးသားပြတိုက်(နေပြည်တော်) (၉)နှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲဖွင့်လှစ်ပြသ



အမျိုးသားပြတိုက်(နေပြည်တော်) ဖွင့်လှစ်ခြင်း (၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါပြတိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ၌ အဆင့်အတန်းမြင့်မားခဲ့သည့် မြန်မာ့ရက်ကန်းလက်မှုအနုပညာ မတိမ်ကော မပပျောက်စေရန်၊ ပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်ပစ္စည်းများကိုအားပေးကြရန်နှင့် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာကြစေရန် အတွက် ပြတိုက်များက ပညာပေးလုပ်ငန်းများကိုဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထူးပြပွဲပြသရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများသည် အထူးပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ တူးဖော်တွေ့ရှိမှုအထောက်အထားများအရ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-၃၀၀၀ ခန့်က ပေါ်ထွန်းခဲ့သည့် ကြေးခေတ်၊ သံခေတ်ထွန်းကားခဲ့သည့် လူမျိုးစုအဖွဲ့အစည်းများတွင် ချည်ထည်များကို ရက်လုပ်သုံးစွဲခဲ့ကြသည့် အထောက်အထားများပြကွက်၊ ပျူခေတ်တွင်တွေ့ရှိရသော ဝတ်စားဆင်ယင်မှုအထောက်အထားများအရ ချည်ထည်ရက်လုပ်သုံးစွဲမှု တိုးတက်ထွန်းကားလာခဲ့သည့် အထောက်အထားများပြကွက်၊ ပုဂံခေတ်အဝတ်ပန်းချီများ၊ နံရံပန်းချီများမှ တွေ့ရှိရသော မြန်မာ့ရိုးရာချည်ထည် ရက်လုပ်သုံးစွဲမှုအဆင့်ဆင့်ပြကွက်များ၊ အချိတ်ဒီဇိုင်းများ၊ ကြာချည်ရက်လုပ်ပုံများ၊ စာစည်းကြိုးများ၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ရတနာပုံခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှုပြရုပ်တု၊ ရုပ်လုံးရုပ်ကြွများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးတို့၏ဝတ်စားဆင်ယင်မှု ပြသထားသည့်ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် စတင်ဖွင့်လှစ်ပြသခဲ့သဖြင့် ယနေ့တွင် (၉)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမျိုးသားပြတိုက်(နေပြည်တော်)တွင် အဆောင်ငါးဆောင်ပါဝင်ကာ ပြခန်း ၁၃ ခန်းကို အများပြည်သူအား ဖွင့်လှစ်ပြသလျက်ရှိကြောင်းနှင့် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲကို ဇူလိုင်လ ၁၆ ရက်မှ ၂၈ ရက်အထိ အခမဲ့ ၁၀ ရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော်　ဇူလိုင်　၁၅

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေး စီမံဆောင်ရွက်



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ နို့စားနွားမွေးမြူရေးလုပ်ငန်းနယ်မြေ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါနယ်မြေ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များတက်ရောက်၍ တမာ၊ မန်ကျည်း၊ မဲဇလီစသည့် လေကာပင် ၅၀၇ ပင် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြပြီး တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် ရေသောက်စနစ်များမှတစ်ဆင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ဆဲကျိုင်းခမ်းရေလှောင်တမံမှ ရေလွှဲပေးပို့သည့်ရေများကို ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် မြို့ကြီးရေလှောင်တမံသို့ ရေကူးပေးပို့ထားရှိသဖြင့် ဝင်ရေစုဆောင်းသိုလှောင်နိုင်မှု ပမာဏအရ မူလစီမံကိန်းရည်ရွယ်ချက်ပါအတိုင်း ပန်းလောင်ရေသောက်စနစ်သို့ ရေပို့လွှတ်နိုင်မည့်ရေသွယ်လမ်းကြောင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအကြိုစူးစမ်းလေ့လာမှုများဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ပန်းလောင်ရေသောက်စနစ်သို့ရေပို့လွှတ်နေရသည့် ကင်းတားဆည်ရေကို မိတ္ထီလာခရိုင်အတွင်း လိုအပ်လျက်ရှိသည့်စိုက်ပျိုးရေအတွက် ထိရောက်စွာဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

မြို့ကြီးရေလှောင်တမံအနေဖြင့် မြို့ကြီးမြောင်းမတော်အမှတ်(၁)မှတစ်ဆင့် ကင်းတားလက်ယာမြောင်း၏ ရေသောက်စနစ်သို့ ရေကူဖြည့်တင်းပေးလျက်ရှိကြောင်း၊ ယခုအခါ ကင်းတားရေလွှဲဆည်မှ ရေရယူနေရသည့် ပန်းလောင်ရေသောက်စနစ်သို့ မြို့ကြီးရေလှောင်တမံမှရေပို့လွှတ်နိုင်ရန် ပန်းလောင်ရေသွယ်မြောင်းဖောက်လုပ်ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ကင်းတားဆည်ရေများကို ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းဒေသသို့ စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအနီးရှိ ကင်းတားရေလွှဲဆည်အားသွားရောက်ကြည့်ရှုစစ်ဆေးပြီး ကင်းတားလက်ဝဲမြောင်းမကြီးမှ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်မည့်ပဏာမစူးစမ်းလေ့လာနေမှုလုပ်ငန်းများနှင့် အမြင့်ပိုင်းစိုက်ပျိုးမြေများရေရရှိရေးအတွက် ရေတင်ပေးနိုင်မည့် ရေတင်စီမံကိန်းအသစ်ဆောင်ရွက်ရန်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော်　ဇူလိုင်　၁၅

## မိုးပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ (မိုး/ဇလ)

# ရေနံနှင့်သဘာဝဓာတ်ငွေ့အကျိုးစွမ်းအား

နိုင်ငံတစ်နိုင်ငံတွင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးသည် အလွန်အရေးကြီးသော မဏ္ဍိုင်တစ်ခုဖြစ်ပေသည်။ ယနေ့ခေတ်ကမ္ဘာနှင့် ရင်ပေါင်တန်းနေပြီဖြစ်သော မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးအကောင်အထည်ဖော်ဆောင်လျက်ရှိပေသည်။

ပြည်သူလူထု၏ အသိအမြင်နှင့် အတတ်ပညာတိုးတက်လာသည်နှင့်အမျှ စီးပွားရေးကဏ္ဍမှာလည်း အလွန်အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပေသည်။

တောတောင်ရေမြေသဘာဝ လွန်စွာကောင်းမွန်သော မြန်မာနိုင်ငံသည် စပါးဆန်ရေ၊ ကောက်ပဲသီးနှံ၊ သစ်တောထွက်အဖိုးတန်ရတနာများ လွန်စွာပေါ်များလျက် ထွက်ရှိလာသည်နှင့်အမျှ သယံဇာတအဖြစ် ကျောက်သံပတ္တမြားထွက်ရှိရာ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပေသည်။

နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော ရတနာများစွာမှ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့မှာလည်း ဘိုးဘေးဘီဘင်အစဉ်အဆက်မှ ထွက်ရှိလာခဲ့သော သမိုင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းလာခဲ့၍ ပြည်တွင်းလုံလောက်မှုသာမက ပြည်ပသို့ပင် ပို့ဆောင်ပေးနိုင်ခဲ့၍ ပြည်ပဝင်ငွေရရှိနေသော ရေနံနှင့်သဘာဝဓာတ်ငွေ့များပင်ဖြစ်သည်။



ပထဝီအနေအထားအရ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ပညာရှင်များက ရှာဖွေကြရာဝယ် အလားအလာရှိသော မြေအောက်ရေနံစုအိုင်၊ စီးကြောင်းခိုအောင်းလွှာများကိုရှာဖွေကြရာတွင် ဟိုက်ဒရိုကာဗွန်သတ္တုသိုက်များပါဝင်သော ဘူမိရူပနှင့် ဓာတုနည်းပညာများပေါင်းစပ်၍ စစ်တမ်းများအရ စူးစမ်းလေ့လာရေးလုပ်ငန်းစဉ်ဖြင့် မြေပေါ်တွင် ဘူမိဗေဒဖြစ်စဉ်များခွဲခြမ်းစိတ်ဖြာခြင်း၊ ကျောက်လွှာစဉ်မြေလွှာဖွဲ့စည်းပုံများကို လေ့လာခြင်းနှင့် အနည်ကျကျောက်များ၏ အနည်အနှစ် သမိုင်းကြောင်းကို စစ်ဆေးခြင်းများ လုပ်ဆောင်ရသည်။ မြေအောက်ကျောက်သားဖွဲ့စည်းပုံများနှင့် ဖြစ်နိုင်ခြေရှိသော ဟိုက်ဒရိုကာဗွန်သိုက် ဖြစ်တည်နိုင်မှုများ အကြောင်းအချက်အလက်စုဆောင်းရန်အတွက် မြေအောက်ရုပ်ပိုင်းဆိုင်ရာ စစ်တမ်းများကို ပုံရိပ်ဖော်ခြင်း၊ ဆွဲငင်အားစစ်တမ်းများနှင့် သံလိုက်စစ်တမ်းများကဲ့သို့သော နည်းစနစ်များကို အသုံးပြု၍ လုပ်ဆောင်ကြရသည်။

မြေအောက်တုန်လှုပ်ခြင်း စစ်တမ်းများသည် စူးစမ်းရှာဖွေခြင်း၏ အရေးကြီးသောအချက်အလက်ဖြစ်သည်။ တုန်ခါမှုလှိုင်းများကို ဖန်တီးပေးသော အာရုံခံကိရိယာများ(Geophones)များကို အသုံးပြု၍ ရောင်ပြန်တတ်သောလှိုင်းများကို မှတ်တမ်းတင်ကြရသည်။

စုဆောင်းထားသော အချက်အလက်များသည် မြေအောက်ကျောက်လွှာအသားများ တည်ဆောက်ပုံသဏ္ဌာန်များနှင့် ဖြစ်နိုင်ခြေရှိသော ရေနံစုအိုင်/စီးကြောင်းများကို သိရှိစေသည်။

ဘူမိသိပ္ပံပညာရှင်များသည် မြေအောက်မျက်နှာပြင်၏ ရုပ်ပုံများနှင့် သက်တမ်းအချက်အလက်များကို သုံးသပ်ဖော်ဆောင်ရန်အတွက် (Seismic)ဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

အလားအလာရှိသော ဧရိယာတစ်ခုကို ဖော်ထုတ်ပြီးသည်နှင့် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

လွန်တွင်းတူးနမူနာများနှင့် ရေနံတွင်းမှတ်တမ်းများကို တူးဖော်နေစဉ်အတွင်း ကျောက်သားဖွဲ့စည်းပုံများကို အကဲဖြတ်ကာ စိမ့်ဝင်နိုင်မှုနှင့် ဟိုက်ဒရိုကာဗွန်ပါဝင်မှု ဂုဏ်သတ္တိများကို တိုင်းတာရရှိသည့် မှတ်တမ်းများဖြင့် လေ့လာဆန်းစစ်ကြသည်။

အလားအလာကောင်းသော ရေနံစုဖွဲ့အိုင်ရလဒ်များရှိပါက ရေနံစုအိုင်စီးကြောင်း၏ အတိုင်းအတာနှင့် အရည်အသွေးကို အသေးစိတ်အကဲဖြတ်သည့် တူးဖော်မှုများ ပြုလုပ်ရသည်။

ရေနံစုဖွဲ့ အိုင်၊ စီးကြောင်းအကဲဖြတ်ခြင်း၊ တူးဖော်ပြီး ရှာဖွေတွေ့ရှိသော ရေနံလက္ခဏာများနှင့် အလားအလာရှိပြီး ပေါများစွာ ထုတ်လုပ်နိုင်သည့် စွမ်းအားကို ဆုံးဖြတ်ပြီးသောအခါ ရေနံစုဖွဲ့အိုင်၏ ဖိအား၊ အပူချိန်နှင့် အရည်ဖွဲ့စည်းမှုကဲ့သို့သော ကန့်သတ်ချက်များကို တိုင်းတာပြီး ရေနံစုဖွဲ့အိုင်၏ အရွယ်အစား၊ ထုတ်ယူရရှိနိုင်မည့် အခြေအနေနှင့် စီးပွားဖြစ်နိုင်ခြေတို့ကို ခန့်မှန်းတွက်ချက်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်၊ ဈေးကွက်ဝယ်လိုအား၊ ရေနံနှင့် စီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာ အလားအလာကို ကြိုတင်စီမံရေးဆွဲကြရသည်။

ထုတ်လုပ်တူးဖော်ရန် အဆင်ပြေပါက အခြေခံအဆောက်အဦများ၊ ပိုက်လိုင်းများ၊ နယ်မြေရှင်းလင်းခြင်းများ၊ သယ်ယူပို့ဆောင်ခြင်း၊ ရေနံတူးဖော်ရန် ဧရိယာမြေညှိခြင်း၊ လမ်းဖောက်ခြင်းတို့ကို စတင်ဆောင်ရွက်ရပေတော့မည်။

မြန်မာနိုင်ငံတွင် ရေနံစိမ်းစီးပွားဖြစ်ထုတ်လုပ်ခြင်းကို ၁၉ ရာစုခန့်ကပင် စတင်လုပ်ကိုင်ခဲ့ကြသည်။

ခေတ်အဆက်ဆက် ပေါ်ထွက်လာသော နည်းပညာအသစ်များ အဆင့်ဆင့်ပြောင်းလဲတိုးတက် ဆန်းသစ်သော စက်ကိရိယာများ ပိုမိုပြည့်စုံလာသည်နှင့်အမျှ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်လျက်ရှိရာ အတည်ပြုပြီးသော (Location)တွင် မြေထိုးညှိခြင်း၊ မြေထိုးညှိရာတွင် ပေ ၅၀၀ ပတ်လည်ခန့် ညီညာပြန့်ပြူးသော ဧရိယာကိုဆောင်ရွက်ကြရသည်။

အတည်ပြုနေရာကို ဗဟိုပြု၍ စက်ရုံတည်ဆောက်ခြင်း၊ ကြံ့ခိုင်မှုရှိသော အင်ဂျင်စက်များ ရှုံ့သံကန်၊ ရေသံကန်ပိုက်လိုင်းများ သွယ်တန်းခြင်းကို ဆောင်ရွက်ပြီးပါက စက်ရုံထောင်ခြင်းအလုပ်ကို စတင်ဆောင်ရွက်ကြရသည်။

ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို သိုလှောင်ခြင်း၊ ပိုက်လိုင်းဖြင့် ဖြန့်ဖြူးခြင်းများကို ဆက်လက်ဆောင်ရွက်ကြရသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို တိကျစွာလိုက်နာလျက်ရှိပြီး တိုင်းပြည်အကျိုးတိုးတက်ဖွံ့ဖြိုးစေရန် တာဝန်ကိုယ်စီခွဲဝေယူပြီး ဆောင်ရွက်ကြရသည်။

ယနေ့ခေတ်ကာလတွင် ပြည်ပရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍လည်းကောင်း၊ ကုန်းတွင်းပိုင်းသာမက ပင်လယ်ရေအောက်များတွင်လည်းကောင်း ရှာဖွေလျက်ရှိကြ၍ နိုင်ငံအတွက် ပြည်ပဝင်ငွေများရရှိကာ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ ဝင်ငွေရှာဖွေပေးလျက်ရှိသည်။

ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကြီးကြပ်၍ ရေနံတူးဖော်ခြင်းလုပ်ငန်းများကို ၁၉၇၂ ခုနှစ်မှ ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့ရာတွင် တွင်းပေါင်းများစွာ တူးဖော်ခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အထိ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေခဲ့သော အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်မှ ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုလျော့နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။

ဒီနေရာမှာ အသက်အရွယ်အပိုင်းအခြားအရပြောမယ်ဆိုရင် အသက် ၆၂ နှစ်အထက်ရှိပြီး အိပ်ချိန်နည်းသူတွေက အသက် ၆၂ နှစ်အောက် အိပ်ချိန်နည်းသူတွေထက် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ ၅ ဒသမ ၇ ဆအထိမြင့်တက်တာကိုလည်း သုတေသနပညာရှင်တွေကတွေ့ရှိထားပါတယ်။

မည်သို့ပင်ဆိုစေကာမူ အမျိုးအစား ၂ ဆီးချိုရောဂါရှိပြီး ပုံမှန်အိပ်ချိန်မရှိသူတွေက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေမြင့်မားနေတာကတော့ အမှန်ပါပဲ။

ဒါထက်ပိုဆိုးတာက ဆီးချိုရောဂါရှိတဲ့ အသက်ကြီးသူတွေမှာ အိပ်ချိန်နည်းခြင်းက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေ အလွန်မြင့်မားနေခြင်းပဲဖြစ်တာကြောင့် တစ်ရက်ကိုအနည်းဆုံးအိပ်ချိန် ၇ နာရီမှ ၉ နာရီကြားရှိအောင် ကြိုးစားအိပ်ကြဖို့လိုအပ်မှာဖြစ်ပါတယ်။

***Ref: SciTech Daily***

**ကိုထက်**

# ဆေးလိပ်အစား Vape သောက်ကြတာ ပိုလို့တောင်အန္တရာယ်မကင်းပါ

Vape လို့ခေါ်တဲ့ အီး-စီးကရက်တွေကို သောက်ခြင်းက ဆေးလိပ်သောက်တာထက် ပိုပြီးတော့ဘေးကင်းစိတ်ချရမှုရှိတယ်ဆိုပြီး ပြောဆိုနေကြတာတွေရှိပါတယ်။

အထူးသဖြင့် လူငယ်များကြားမှာ Vape သောက်ခြင်းက ရေပန်းစားလာသလို လူကြားသူကြားထဲမှာဆိုရင်လည်း စတိုင်တစ်ခုလိုမျိုးဖြစ်လာနေတယ်ဆိုပြီး လက်ခံလာကြတာပါ။

ဒါပေမဲ့ ဆေးလိပ်အစား Vape သောက်နေကြတာက များပြားလှစွာသော ဘေးအန္တရာယ်များနဲ့ ကျန်းမာရေးဆိုးကျိုးများစွာ ဖြစ်ပေါ်စေတယ်ဆိုတာကို ပညာရှင်များက အရင်တုန်းကလည်းသတိပေးခဲ့ကြသလို အခုလည်းသူတို့ရဲ့ထပ်မံတွေ့ရှိချက်တွေကို ထုတ်ပြန်လာပါတယ်။



Vape သောက်ဖို့အတွက် သီးသန့်ဖန်တီးထားတဲ့အရည်တစ်မျိုးကို အသုံးပြုရပါတယ်။ အဲဒီအရည်မှာပါဝင်တဲ့အရာတွေက အလွန်သေးငယ်ပေမယ့်လည်း ကျန်းမာရေးအတွက်တော့ ကြီးကြီးမားမား ဆိုးကျိုးဖြစ်ပေါ်စေတာပါ။

ဆေးလိပ်သောက်တဲ့အခါမှာ ဓာတုဗေဒနည်းအရ လောင်ကျွမ်းဓာတ်ပြုမှုဆိုတာရှိပါတယ်။ အဲဒီဓာတ်ပြုမှုက အန္တရာယ်ရှိတဲ့ ဘေးထွက်ပစ္စည်းများကိုထွက်ပေါ်စေပါတယ်။ Vape သောက်တဲ့နေရာမှာတော့ အဲဒါမျိုးမရှိပါဘူး။

Vape သောက်တယ်ဆိုတာ သူတို့အတွက် သီးသန့်ထုတ်လုပ်ထားတဲ့အရည်တစ်မျိုးကို အပူပေးလိုက်ခြင်းဖြစ်ပြီး ထွက်ပေါ်လာတဲ့အခိုးအငွေ့တွေကိုရှူရိုက်ရတာပါ။ ဒါကြောင့်လည်း Vape သောက်ခြင်းက ပိုပြီးအန္တရာယ်ကင်းတယ်လို့ အများကယူဆကြတာဖြစ်ပါတယ်။

တကယ်တမ်းမှာတော့ Vape အရည်ကိုပူစေတဲ့ သတ္တုအစိတ်အပိုင်းတွေက အန္တရာယ်များတဲ့ ဓာတ်ပစ္စည်းတွေကို ထွက်ပေါ်စေပါတယ်။ အဲဒီထဲမှာ နီကယ်၊ ခရိုမီယံနဲ့ ခဲဓာတ်တို့လည်းအပါအဝင်ပါ။

ထွက်ပေါ်လာတဲ့ ဒီသတ္တုအမှုန်များက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် Vape သောက်သူရဲ့ခန္ဓာကိုယ်ထဲဝင်သွားပြီး အထဲမှာအနည်ထိုင်သွားပါတယ်။

ကနေဒါကျန်းမာရေးဌာနတစ်ခုမှ သုတေသနပညာရှင်များက Vape အရည်ထဲမှာပါတဲ့ဓာတ်ပစ္စည်းတွေကိုလည်း ဓာတ်ခွဲစမ်းသပ်မှုတွေလုပ်ခဲ့ပါသေးတယ်။ သူတို့စမ်းသပ်တဲ့အထဲမှာ တရားဝင်ခွင့်ပြုချက်ရ Vape အရည်များလည်းပါသလို တရားမဝင်ရောင်းချနေတဲ့ Vape အရည်များလည်း ပါဝင်ပါတယ်။

သူတို့ရဲ့စမ်းသပ်ချက်ကိုကြည့်မယ်ဆိုရင် တရားဝင်ခွင့်ပြုချက်ရ Vape အရည်များမှာ အာဆင်းနစ်၊ မာကျူရီနဲ့ ကတ်မီယံဓာတ်တို့က လက်ခံနိုင်တဲ့အတိုင်းအတာရှိပေမယ့် တခြားဓာတ်ပစ္စည်းတွေကတော့ ပါဝင်မှုပမာဏတော်တော်လေးမြင့်မားတာကို တွေ့ရပါတယ်။

အဲဒါတွေထက်ပိုဆိုးတာက တရားမဝင်ရောင်းချနေတဲ့ Vape ဆေးရည်များပါ။ အဲဒီဆေးရည်တွေထဲမှာ တခြားဓာတ်ပစ္စည်းတွေထက် ခဲဓာတ်ပါဝင်မှုနှုန်းက တရားဝင် Vape ဆေးရည်များမှာပါဝင်မှုထက် အဆ ၁၀၀ ကျော်မြင့်မားနေတာကိုတွေ့ရပါတယ်။ အလားတူ တခြားဓာတ်ပစ္စည်းပါဝင်မှုပမာဏကလည်း တော်တော်လေးကို မြင့်မားနေတာပါ။

Vape ဆေးရည်တွေထဲမှာ အခုလိုမျိုး ဓာတ်သတ္တုပစ္စည်းတွေပါဝင်ခြင်းက ထုတ်လုပ်ရာမှာအသုံးပြုတဲ့ပစ္စည်းများကြောင့်ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ Vape သောက်တဲ့ကိရိယာက သန့်ရှင်းမှုမရှိနိုင်တဲ့အခါမှာ အဲဒီပစ္စည်းတွေရဲ့အပူနဲ့ ဓာတ်ပြုမှုက Vape သောက်သူအတွက် အန္တရာယ်ဖြစ်မှုကို ပိုမိုမြင့်တက်လာစေနိုင်တာဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဓာတ်သတ္တုပစ္စည်းများရဲ့ အရွယ်အစားဟာ နာနိုအရွယ်အစားတွေဖြစ်နေတဲ့အတွက် Vape သောက်သူတွေရဲ့ အဆုတ်ထဲကို အလွယ်တကူဝင်ရောက်နိုင်စွမ်းရှိပါတယ်။

အခုလိုမျိုးသုတေသနလုပ်ခြင်းဟာ Vape သောက်ခြင်းနဲ့ ဆေးလိပ်သောက်ခြင်းမှာ ဘယ်အရာကပိုပြီးအန္တရာယ်များတယ်၊ မများဘူးဆိုတာထက် Vape သောက်ခြင်းကြောင့်ရလာနိုင်တဲ့ ကျန်းမာရေးဆိုးကျိုးများကိုသာ ဖော်ထုတ်ခြင်းဖြစ်တယ်လို့ သုတေသနပညာရှင်များက သူတို့ရဲ့စာတမ်းမှာ ထည့်သွင်းဖော်ပြထားပါတယ်။

***Ref: SciTech Daily***

**ကိုထက်**

ပေကျင်း၊ စစ်ရေး

# တရုတ်နှင့်ရုရှားတို့က ပစိဖိတ်သမုဒ္ဒရာ၌ ပူးတွဲစစ်ရေးလေ့ကျင့်



တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့မှ ရေတပ်ဖွဲ့များက ပစိဖိတ်သမုဒ္ဒရာ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

Maritime Joint-2024 ဟုအမည်ပေးထားသော အဆိုပါသုံးရက်ကြာစစ်ရေးလေ့ကျင့်ခန်းကို တရုတ်နိုင်ငံ ကျန့်ကျန်းမြို့အနီး၌ လုပ်ဆောင်နေခြင်းဖြစ်သည်။

ထိုစစ်ရေးလေ့ကျင့်ခန်းသည် ရေတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအရခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသတွင်းတည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်တို့အတွက် ရည်ရွယ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် စတုတ္ထအကြိမ်မြောက်လုပ်ဆောင်သော ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့၌ ပူးတွဲရေကြောင်းကင်းလှည့်မှုသည် မည်သည့်တတိယအဖွဲ့အစည်းကိုမျှ ပစ်မှတ်ထားခြင်းမရှိကြောင်း၊ လက်ရှိနိုင်ငံတကာ၊ ဒေသတွင်းအရေးတို့နှင့်လည်း သက်ဆိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဇူလိုင်လ ၁၄ ရက်တွင်စတင်သည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အဆိုပါစစ်ရေးလေ့ကျင့်ခန်း၌ ရုရှားနိုင်ငံ၏ပစိဖိတ်စစ်ရေယာဉ်စုမှ စစ်သင်္ဘောနှစ်စင်း ပါဝင်လျက်ရှိကြောင်း TASS သတင်းဌာနက ဇူလိုင်လ ၁၅ ရက်တွင်ဖော်ပြထားသည်။ NATO အဖွဲ့ဝင်နိုင်ငံများနှင့်တရုတ်နိုင်ငံတို့ကြား တင်းမာမှုများ မြင့်တက်လာနေစဉ် ယခုစစ်ရေးလေ့ကျင့်ခန်းကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

*Ref: RT*

---

စင်ကာပူ၊ စီးပွားရေး

# ဒုတိယသုံးလပတ်အတွင်း ကမ္ဘာ့စမတ်ဖုန်းဈေးကွက် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာ

ယခုနှစ်ဒုတိယသုံးလပတ်ကာလအတွင်း ကမ္ဘာ့စမတ်ဖုန်းဈေးကွက်သည် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာကြောင်းနှင့်အရောင်းရဆုံးစမတ်ဖုန်းများထဲတွင် ဆမ်ဆောင်းနှင့် အက်ပဲဖုန်းများက နေရာယူထားကြောင်း အချက်အလက်သုတေသနဌာနတစ်ခုဖြစ်သည့် IDC ၏ ဇူလိုင်လ ၁၅ ရက်ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

စမတ်ဖုန်းထုတ်လုပ်သူများသည် သုံးစွဲသူများကို ပိုမိုဆွဲဆောင်နိုင်ရေးအတွက် ဉာဏ်ရည်တုနည်းပညာကို ထည့်သွင်းအသုံးပြုကာ ဈေးကွက်ရှယ်ယာပိုရအောင် လုပ်ဆောင်လာကြသောကြောင့် စမတ်ဖုန်းဈေးကွက်မှာ သုံးလပတ် လေးပတ်ဆက်တိုက် တိုးတက်လာခြင်းဖြစ်သည်။

အထူးသဖြင့် ဉာဏ်ရည်တုနည်းပညာသုံး AI စမတ်ဖုန်းများမှာ ယခုနှစ်အတွင်း ဈေးကွက်ဝေစု၏ ၁၉ ရာခိုင်နှုန်းကိုသိမ်းပိုက်ထားကြောင်း IDC ၏သုတေသနဌာန ညွှန်ကြားရေးမှူး နာဘီလာပိုပယ်က ပြောသည်။

စွမ်းဆောင်ရည်မြင့် စမတ်ဖုန်းများတွင် ဆမ်ဆောင်းနှင့်အက်ပဲက ဦးဆောင်နေသော်လည်း ၎င်းတို့၏နောက်တွင် တရုတ်နိုင်ငံထုတ်စမတ်ဖုန်းများက ရပ်တည်နေသည်ဟု IDC ၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ဆမ်ဆောင်းက စမတ်ဖုန်းဈေးကွက်ဝေစု ၁၈ ဒသမ ၉ ရာခိုင်နှုန်းကိုလည်းကောင်း၊ အက်ပဲကုမ္ပဏီက ၁၅ ဒသမ ၈ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရှောင်းမီကုမ္ပဏီက ၁၄ ဒသမ ၈ ရာခိုင်နှုန်းကိုလည်းကောင်းပိုင်ဆိုင်ထားသည်။

အက်ပဲကုမ္ပဏီက ပြီးခဲ့သည့်လတွင် OpenAI ၏ ChatGPT အသုံးပြု AI စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသခဲ့သည်။ အလားတူ ဆမ်ဆောင်းကုမ္ပဏီကလည်း ပြီးခဲ့သည့်သီတင်းပတ်တွင် ၎င်း၏ စမတ်ဖုန်းအမျိုးအစားအသစ်များအပြင် AI စွမ်းဆောင်ရည်များကို ထုတ်ဖော်မိတ်ဆက်ခဲ့ကြောင်းသိရသည်။

*Ref: RTA*



---

ဒဗ္ဗလင်၊ နိုင်ငံရေး

# ပင်မမီဒီယာကြီးများက ယူကရိန်း၌ အနောက်အုပ်စု၏ဆုံးရှုံးမှုများကို လျှော့ချဖော်ပြ



ပင်မမီဒီယာကြီးများက ယူကရိန်းနိုင်ငံ၌ အနောက်အုပ်စု၏ဆုံးရှုံးမှုများကို လျှော့ချဖော်ပြလျက်ရှိကြောင်းနှင့် မြေပြင်အခြေအနေမှန်ကို ဖုံးကွယ်လျက်ရှိကြောင်း အိုင်းရစ်သတင်းထောက်တစ်ဦးဖြစ်သည့် ချေးဘိုးက ဇူလိုင်လ ၁၅ ရက်တွင်ပြောသည်။

"မနေ့ကဆိုရင်ပဲ ဂျာမန်အခွန်ထမ်းပြည်သူများရဲ့ ယူရိုသန်း ၁၅၀ ဟာ ယူကရိန်းထဲမှာတင် အငွေ့ပြန်ပျောက်ကွယ်သွားတယ်"ဟုဆိုကာ ဖျက်ဆီးခံလိုက်ရသော ဂျာမနီနိုင်ငံထုတ် IRIS-T လေယာဉ်ပစ်ဒုံးကျည်စနစ်၏ဗီဒီယိုကိုတင်၍ လူမှုကွန်ရက်တွင် ရေးသားထားသည်။

ရုရှား၏ Iskander ဒုံးကျည်များက အဆိုပါလေယာဉ်ပစ်ဒုံးကျည်စနစ်၏ရေဒါများအပါအဝင် လုပ်ငန်းအဖွဲ့တစ်ဖွဲ့လုံးကို အပြတ်အသတ်ချေမှုန်းလိုက်နိုင်ခြင်းဖြစ်ကြောင်း၊ ထိုစနစ်သည် ဇီလန်စကီတောင်းခံထားသောစနစ်ဖြစ်ကြောင်း အိုင်းရစ်သတင်းထောက်က ထောက်ပြပြောဆိုထားသည်။

အဆိုပါဂျာမနီတို့၏ လေယာဉ်ပစ်လက်နက်စနစ် ဖျက်ဆီးခံလိုက်ရသည့် ဗီဒီယိုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၄ ရက်တွင်တင်ထားခြင်းဖြစ်သည်။

အနောက်အုပ်စုမှ ပင်မမီဒီယာများအနေဖြင့် ထိုကဲ့သို့သောသတင်းကိုဖုံးကွယ်ထားရခြင်းမှာ ပြည်သူများ၏မသိနားမလည်မှုကို ဆက်လက်ထိန်းသိမ်းထားလိုခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ယူကရိန်းနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဥရောပမှစစ်ရေးအကူအညီအနေဖြင့် ယူရို ၃၉ ဘီလီယံအပါအဝင် ယူရို ၁၀၈ ဘီလီယံကိုရရှိထားပြီးဖြစ်သည်။

ထို့ပြင် အမေရိကန်၏ထောက်ပံ့မှုမှာပင် ဒေါ်လာ ၁၇၅ ဘီလီယံအထိရှိလာပြီဖြစ်ပြီး ၎င်းတို့အနက် ဒေါ်လာ ၁၀၇ ဘီလီယံကို ယူကရိန်းအစိုးရသို့ တိုက်ရိုက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းသိရသည်။*Ref: Sputnik*

---

ဆိုး၊ စစ်ရေး

# တောင်ကိုရီးယား၏နျူကလီးယားရေငုပ်သင်္ဘောများကိစ္စကို အမေရိကန်က စဉ်းစားပေးနိုင်




တောင်ကိုရီးယားနိုင်ငံက တောင်းဆိုထားသော နျူကလီးယားရေငုပ်သင်္ဘောများကိစ္စကို အမေရိကန်နိုင်ငံအနေဖြင့် အနာဂတ်တွင် စဉ်းစားပေးနိုင်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဇူလိုင်လ ၁၄ ရက်တွင်ထုတ်ပြန်ထားသည်။

ရေငုပ်သင်္ဘောစစ်ဆင်ရေး ကဏ္ဍမှကြည့်ပါက မိတ်ဖက်နိုင်ငံများကို ထိရောက်စွာကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရေးသည် အလွန်အရေးကြီးသည်ဟု မြင်မိကြောင်း အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး ဆမ်မျူယယ်ပါပါရိုက ပြီးခဲ့သည့်သီတင်းပတ်တွင်ပြောသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏ ရေတပ်အင်အားတိုးမြှင့်မှုကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်နေစဉ် တောင်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားရေငုပ်သင်္ဘောများပိုင်ဆိုင်သင့်၊ မသင့်နှင့်ပတ်သက်၍ ပြောဆိုမှုများမှာ ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုအခါ အမေရိကန်အဆင့်မြင့်အရာရှိကြီးတစ်ဦးက တောင်ကိုရီးယားနိုင်ငံအတွက် နျူကလီးယားရေငုပ်သင်္ဘောကိစ္စနှင့်ပတ်သက်၍ ပြောဆိုလာခြင်းသည် ရှားပါးဖြစ်စဉ်တစ်ခုဖြစ်လာသည်။

မြောက်ကိုရီးယားနိုင်ငံသည် ရေအောက်တိုက်ခိုက်ရေးဒရုန်းများ၊ ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သည့် အမြင့်ပျံဒုံးကျည်များအပါအဝင် ရေတပ်အင်အားကိုတိုးမြှင့်မှုများ လုပ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။

*Ref: Yonhap*

နေပြည်တော် ဇူလိုင် ၁၅

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၂ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်၊ မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Truck မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် မကွေးမြို့နယ်၊ ကံပြားကျေးရွာအနီး၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ပေါင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ducart လျှပ်စစ်စက်ဘီး (၈၀)စီး အပါအဝင် ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၇၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် JAC Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၇၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၂ ရက်**တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၃၆၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၉၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၄ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လပွတ္တာမြို့နယ်၊ အောင်တော်မူကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၉၅)ဂါလန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ Intercom Radio (၆)လုံး အပါအဝင်ကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် **ဇူလိုင်လ ၁၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ (သုည ဒသမ ၅၈၂)တန်၊ အခြားသစ် (၁ ဒသမ ၈၀၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၉၄၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ စစ်တောင်းတံတားအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၄၀၉၄၁)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ၁၂ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၀)မှု၊(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၄၀၂၅၃)**ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၅

# ကော့သောင်းနှင့်ကျိုင်းတုံမြို့တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ


စိန်မိ၊ ရီဟွမ်ချင်၊ ကျော်ထွန်း၊ မဟာပို့၊ ကျလောရှီးနှင့် နိုးဝေတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ မြို့မဈေးအနောက်ဘက်တွင် စိန်မိ မောင်းနှင်ပြီး မဟာပို့၊ ကျော်ထွန်းနှင့်ရီဟွမ်ချင်တို့ လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၀၀၀ ကိုလည်းကောင်း၊ စစ်ဆေးချက်အရ ည ၆ နာရီခွဲတွင် ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ ကောင်းကန်ကျေးရွာရှိ ကျော်ထွန်း၏ နေအိမ်မှစိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းနေ့ည ၆ နာရီခွဲတွင် ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ ကောင်းကန်ကျေးရွာအနီးတွင် ကျလောရှီး မောင်းနှင်ပြီး နိုးဝေလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ထိုနေ့မွန်းတည့် ၁၂ နာရီတွင် ကော့သောင်းမြို့၊ ရွှေပြည်သာရပ်ကွက်၊ မြို့ပတ်(၂) လမ်းတွင် စောမင်းဌေး မောင်းနှင်ပြီးမဇင်မာဖြိုး(ခ)ဘဲဥ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မလှိုင်စံပယ်(ခ)နိုနိုအား ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိ ဆောင်ရွက်မည့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် လောင်ကျွမ်းထရန်စဖော်မာများ လဲလှယ်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော 11/0.4kV,200 kVA Transformer with LA (Single Pole Mounted with Structure) များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၇-၇-၂၀၂၄) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁-၈-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
ဘိုဟိန်း(ဘ)ဦးတင်ရွှေ ၉/တကန(နိုင်)၁၄၅၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ရဲရင့်(ဘ)ဦးစိုးနိုင်ဝင်း ၁၂/ဥကမ(နိုင်)၂၃၁၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 321639)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ခိုင်သဇင်ဦး(ဘ)ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၁၈၄၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 733592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၆၇၁၇၇၂၅**

### ပျောက်ဆုံးကြောင်း
သန်းဇော်ဦး(ဘ)ဦးစက်ဝင်း ၁၂/မဂဒ(နိုင်)၁၀၈၇၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဟန်နီအောင်(ဘ)ဦးဝဒမံယောဟန် ၅/စကန(နိုင်)၀၄၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 751376)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၄၈၄၉၄၃၀**

### ပျောက်ဆုံးကြောင်း
စုဝေယာ(ဘ)ဦးကြည်ရွှင် ၁၂/ခရန(နိုင်)၁၆၄၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 348836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၆၅၂၆၁၈၄**

### ပျောက်ဆုံးကြောင်း
အိအိနိုင်(ဘ)ဦးလေးနိုင် ၁၂/သခန(နိုင်)၁၅၂၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 277289)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**


**မူးယစ်ကင်းစင် အလှဆင်**

မက်ဒရစ်၊ ဘောလုံး

# အင်္ဂလန်အသင်းကိုအနိုင်ယူပြီး စပိန်အသင်း လေးကြိမ်မြောက် ယူရိုဖလားဆွတ်ခူး



ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့်စပိန်အသင်းတို့ကစားခဲ့ရာ စပိန်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးခြေစွမ်းပိုင်းကွာမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့သော်လည်း စပိန်အသင်းကဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ကာ စပိန်အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် နီကိုဝီလီယံနှင့်ပွဲချိန် ၈၆ မိနစ်တွင်အိုယာဇာဘယ်တို့က သွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ကိုးလ်ပယ်မာက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီး ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရသည့် အင်္ဂလန်အသင်းသည် ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင်လည်း အီတလီအသင်းကို ရှုံးနိမ့်ကာ ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရပြီး လက်ရှိပြိုင်ပွဲတွင်စပိန်အသင်းကိုရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲနှစ်ကြိမ်ဆက်တက်ရောက်နိုင်ခဲ့သော်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းမရှိသည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စပိန်အသင်း ယူရိုပြိုင်ပွဲတွင် ပြီးခဲ့သည့် ၁၉၆၄ ခုနှစ်ပြိုင်ပွဲ၊ ၂၀၀၈ ခုနှစ်ပြိုင်ပွဲ၊ ၂၀၁၂ ခုနှစ်ပြိုင်ပွဲနှင့် ယခုနှစ် ၂၀၂၄ ပြိုင်ပွဲတို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး စုစုပေါင်းလေးကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိယူရိုပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားဆုကို စပိန်အသင်းမှ အိုလ်မို၊ အင်္ဂလန်အသင်းမှ ဟယ်ရီကိန်း၊ နယ်သာလန်အသင်းမှ ဂက်ပို၊ ဂျာမနီအသင်းမှ မူစီယာလာ၊ ဂျော်ဂျီယာအသင်းမှ တာဇက်၊ ဆလိုဗက်ကီးယားအသင်းမှ ရှရန်းဇ်တို့က သုံးဂိုးစီဖြင့် ပူးတွဲဆွတ်ခူးခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို စပိန်အသင်းမှ ရိုဒရီကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

## နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➢ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းကစားသမားဟောင်း ဖာဖရီဂက်စ် ပိုင်ဆိုင်သည့် အီတလီစီးရီးအေကလပ် ကိုမိုအသင်းက ဗီလာရီးယဲလ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ဝါရင့်ကစားသမားများဖြစ်သော မိုရီနိုနှင့် ဂိုးသမား ရိန်နာတို့ကိုခေါ်ယူနိုင်ပြီးနောက် ဗာရန်းကိုလည်း ခေါ်ယူနိုင်ရန်နီးစပ်နေကြောင်း သိရသည်။

➢ အာဆင်နယ်အသင်းက အေဂျက်ဇ်အသင်း လူငယ်ဂိုးသမား ဆက်ဖို့ဒ်ကို ယူရိုတစ်သန်းဖြင့်ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

➢ ဗီလာရီးယဲလ်အသင်းက မန်ယူအသင်းမှ လူငယ်ခံစစ်ကစားသမား ကွမ်ဘူလာကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းအပြင် အပိုဆုကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး မန်ယူအသင်းက ပြန်လည်ခေါ်ယူခွင့်အချက်ကို စာချုပ်တွင်ထည့်သွင်းချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

➢ မန်ယူအသင်းဂိုးသမားဟောင်း ဒီဂီယာသည် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပကလပ်အသင်းတစ်သင်းသို့ မပြောင်းရွှေ့ဖြစ်ပါက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

မန်ချက်စတာ၊ ဘောလုံး

# မန်စီးတီးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း တိုက်စစ်မှူးအယ်ဗာရက်ဇ်က အသင်းမှထွက်ခွာရန် တောင်းဆိုမှုပြုလုပ်ထား

မန်စီးတီးအသင်းက လူငယ်တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင်ဆက်လက်ထိန်းထားလိုသော်လည်း အယ်ဗာရက်ဇ်က အသင်းမှထွက်ခွာရန် တောင်းဆိုမှုပြုလုပ်ထားကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အယ်ဗာရက်ဇ်သည် ၂၀၂၂ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရေးဗားပလိတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူပါဝင်ကစားခွင့်ရရှိသည့်ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အာဂျင်တီးနားအသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

အယ်ဗာရက်ဇ်သည် မန်စီးတီးအသင်းတွင် ခြေစွမ်းပြကစားနိုင်သော်လည်း အသင်းတိုက်စစ်ပိုင်းတွင် ဟာလန်းနောက်မှသာ ဒုတိယဦးစားပေးကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိနေသည့်အတွက် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် တောင်းဆိုထားခြင်းဖြစ်သည်။

မန်စီးတီးအသင်းက အယ်ဗာရက်ဇ်ကို လက်မလွှတ်လိုသည့်အတွက် အသင်းတွင် ဆက်လက်ထိန်းထားလိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း အယ်ဗာရက်ဇ်ကိုယ်တိုင်က မန်စီးတီးအသင်းထံ ၎င်းကိုရောင်းချမည့်ပြောင်းရွှေ့ကြေးကို မေးမြန်းထားပြီး ပွဲထွက်ခွင့်ရရှိမည့်အသင်းထံပြောင်းရွှေ့ခွင့်ပေးရန် တောင်းဆိုမှုပြုလုပ်ထားကြောင်း သိရသည်။

*Ref;The Telegraph*

ဗျူနို့အေရိစ်၊ ဘောလုံး

# ကိုလံဘီယာအသင်းကို လူတာရိုမာတီနက်ဇ်၏ အချိန်ပိုဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး (၁၆)ကြိမ်မြောက် ကိုပါအမေရိကဖလားကို အာဂျင်တီးနားအသင်းဆွတ်ခူး

၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာအသင်းတို့ကစားခဲ့ရာ အာဂျင်တီးနားအသင်းက မာတီနက်ဇ်၏အချိန်ပိုသွင်းဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး (၁၆)ကြိမ်မြောက် ကိုပါအမေရိကဖလားကိုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ တွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့် အချိန်ပိုမိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင် ပွဲချိန် ၁၁၂ မိနစ်တွင် လူစားဝင်ကစားသမား လူတာရိုမာတီနက်ဇ်က အာဂျင်တီးနားအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးဖြင့် အာဂျင်တီးနားအသင်းက အနိုင်ရရှိကာ နှစ်ကြိမ်ဆက်ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ချန်ပီယံဆုကို အာဂျင်တီးနားအသင်း၊ ဒုတိယဆုကို ကိုလံဘီယာအသင်း၊ တတိယဆုကို ဥရုဂွေးအသင်းတို့က ဆွတ်ခူးပေးနိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုကို အီမီလီနိုမာတီနက်ဇ်ကလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုကို ကိုလံဘီယာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်ကလည်းကောင်း၊ သွင်းဂိုးအများဆုံးကစားသမားဆုကို အာဂျင်တီးနားအသင်းမှ လူတာရိုမာတီနက်ဇ်ကလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

*Ref;Goal.com*



# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
PREMIUM QUALITY CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
PYIN OO LWIN NAN MYAING PURE ARABICA Coffee
Black Coffee
PYIN OO LWIN NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန –ဖုန်း – ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS Certification
BUREAU VERITAS 1828
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်...

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြုလုပ်သော (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၅-၇-၂၀၂၄)၊ ည(၈း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၄-၇-၂၀၂၄) ရက်နေ့ **စာမျက်နှာ ၁၀ ကော်လံ ၁ ☞**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ




**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေပါသည်။ **(မိုး/ဇလ)**

**တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ**





စာ-၂၅ သို့

## ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ငဝန်မြစ်နှင့် တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၅**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ ■**

Quality For You — VEGA — ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ — VEGA — Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉